**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

# အခြေပြုမူလတန်း

# ကစ္စည်းသဒ္ဒါကြီးဘာသာ

## သန္ဓိကျမ်းမှတ်စုနှင့် ရုပ်တွက်

အခြေပြုမူလတန်းတွင် ကစ္စည်းသဒ္ဒါကြီးဘာသာသည် မေးခွန်းလွှာအမှတ်(၂) ဖြစ်ပါသည်။ မေးခွန်း ၅-ပုဒ်၊ တစ်ပုဒ်(၁၀)မှတ်, အမှတ်-၅၀ဖိုးမေးပြီးလျှင် အမှတ်(၂၀)ရပါက "အောင်မှတ်"ရပါသည်။ မေးခွန်းပုံစံမှာ-

(၁) ကစ္စည်းသဒ္ဒါကြီးသုတ်စဉ်ပါဠိသက်သက် - ၁ပုဒ် (၁၀)မှတ်

(၂) ကစ္စည်းသဒ္ဒါကြီးသုတ်နက်(သန္ဓိ၊ နာမ်၊ အာချာတ်) - ၁ပုဒ် (၁၀)မှတ်

(၃) သန္ဓိ၊ နာမ်၊ အာချာတ် (ရုပ်တွက်) - ၁ပုဒ် (၁၀)မှတ်

(၄) ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ဓါတ်၊ ပစ္စည်း၊ ဝိဘတ် ခွဲခြင်း - ၁ပုဒ် (၁၀)မှတ်

(၅) နာမ်ဂိုဏ်း - ၁ပုဒ် (၁၀)မှတ်

.....................................................................................................................

**ကစ္စည်းသဒ္ဒါကြီးကျမ်း**အား သီဟိုဠ်ခေတ်က အရှင်မဟာကစ္စည်းမထေရ်က ရေးသားခဲ့သောကျမ်း ဖြစ်ပါသည်။ ဤကစ္စည်းသဒ္ဒါကြီးကျမ်းတွင် သဒ္ဒါရှစ်စောင်ပါရှိ၏။ ၎င်းတို့မှာ-
(၁)သန္ဓိကပ္ပ(သန္ဓိ)-သန္ဓိကျမ်း (၂)နာမကပ္ပ(နာမ်)-နာမ်ကျမ်း (၃)ကာရကကပ္ပ(ကာရက)-ကာရကကျမ်း (၄)သမာသကပ္ပ(သမာသ်)-သမာသ်ကျမ်း (၅)တဒ္ဓိတကပ္ပ(တဒ္ဓိတ်)-တဒ္ဓိတ်ကျမ်း (၆)အာချာတကပ္ပ (အာချာတ်)-အာချာတ်ကျမ်း (၇)ကိဗ္ဗိဓာနကပ္ပ(ကိတ်)-ကိတ်ကျမ်း (၈)ဥဏာဒိကပ္ပ(ဥဏာဒ်)-ဥဏာဒ် ကျမ်း တို့ဖြစ်ပါသည်။

.....................................................................................................................

## ၁။ သန္ဓိကျမ်း

သန္ဓိကျမ်းတွင် အပိုင်း(၅)ပိုင်း ပါဝင်ပါသည်။ ပထမပိုင်းတွင် သုတ်စဉ်(၁၁)သုတ်၊ ဒုတိယပိုင်းတွင် သုတ်စဉ်(၁၁)သုတ်၊ တတိယပိုင်းတွင် သုတ်စဉ်(၇)သုတ်၊ စတုတ္ထပိုင်းတွင် သုတ်စဉ်(၁၂)သုတ်နှင့် ပဉ္စမပိုင်းတွင် သုတ်စဉ်(၁၀)သုတ် စုစုပေါင်း(၅၁)သုတ် ဖြစ်ပါသည်။

ပုဒ်နှစ်ခုအလယ်၌ အကြားမရှိအောင် ဆက်စပ်ထားမှုကို **"သန္ဓိ"** ဟုခေါ်ပါသည်။ ပုဒ်နှစ်ပုဒ်ကို မစပ်ဘဲ တစ်ပုဒ်တည်း၌ အက္ခရာပြောင်းလွဲ၍ ချောမောအောင်ပြုထားမှုသည်လည်း **"သန္ဓိ"** မည်ပါ၏။

## "သန္ဓိ" ပထမပိုင်း(၁၁)သုတ်

**၁။ အတ္တော အက္ခရသညာတော။** ←(သုတ်စဉ်)လို့ခေါ်ပါတယ်

**အတ္တော၊** (ခပ်သိမ်းသော ဘာသာ,သဒ္ဒါတို့၏)အနက်ကို။ **အက္ခရသညာတော၊** အက္ခရာတို့ဖြင့်သာလျှင် ကောင်းစွာသိအပ်, မှတ်အပ်၏။ ←[သုတ်နက်]လို့ခေါ်တယ်

**၂။ အက္ခရာပါဒယော ဧကစတ္တာလီသံ။**

**ဧကစတ္တာလီသံ၊** ၄၁-လုံးသော။ **အာဒယော၊** "အ"အစရှိကုန်သော ဝဏ္ဏတို့သည်။ **အက္ခရာအပိ၊** အက္ခရာ ဟူသောအမည်ရှိကုန်သည်လည်း။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် (အ)အစ, နိဂ္ဂဟိတ်(အံ)အဆုံး ၄၁-လုံးသောဝဏ္ဏတို့သည် "အက္ခရာ"မည်ပုံကို ဖော်ပြသောသုတ် ဖြစ်ပါသည်။ အက္ခရာ ၄၁-လုံးဆိုသည်မှာ...**

အ အာ ဣ ဤ ဥ ဦ ဧ ဩ, က ခ ဂ ဃ င, စ ဆ ဇ ဈ ည, ဋ ဌ ဍ ဎ ဏ, တ ထ ဒ ဓ န, ပ ဖ ဗ ဘ မ, ယ ရ လ ဝ သ ဟ ဠ အံ

**၃။ တတ္ထောဒန္တာ သရာ အဋ္ဌ။**

**တတ္ထ၊** ထို ၄၁-လုံးသောအက္ခရာတို့တွင်။ **ဩဒန္တာ၊** "ဩ"အဆုံးရှိကုန်သော။ **အဋ္ဌ၊** ရှစ်လုံးသောအက္ခရာတို့ သည်။ **သရာ၊** သရမည်ကုန်၏။

***ဤသုတ်သည် အက္ခရာ၄၁-လုံးတို့တွင် (အ)အစ,(ဩ)အဆုံး ရှစ်လုံးသောအက္ခရာတို့သည် "သရ"မည် ပုံကို ဖော်ပြသောသုတ် ဖြစ်ပါသည်။**

အ အာ ဣ ဤ ဥ ဦ ဧ ဩ

**၄။ လဟုမတ္တာ တယော ရဿာ။**

**လဟုမတ္တာ၊** ပေါ့ပါးလျင်မြန်သော ရွတ်ရာကာလရှိကုန်သော။ **တယော၊** သုံးလုံးသောသရတို့သည်။ **ရဿာ၊** ရဿမည်ကုန်သည်။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် သရရှစ်လုံးတို့တွင် အသံပေါ့သော သရသုံးလုံးတို့သည် "ရဿ"သရမည်ပုံကို ဖော်ပြသောသုတ် ဖြစ်ပါသည်။**

**ရဿသရ(၃)လုံး -** အ( - ) ဣ( ိ ) ဥ( ု )

## ၅။ အဃော ဒီဃာ။

**အဃော၊** ရဿမှတစ်ပါး ငါးလုံးသောသရတို့သည်။ **ဒီဃာ၊** ဒီဃမည်ကုန်သည်။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် သရရှစ်လုံးတို့တွင် ရဿသရသုံးလုံးမှတစ်ပါး ကြွင်းသရငါးလုံးတို့သည် "ဒီဃ"သရ မည်ပုံကို ဖော်ပြသောသုတ် ဖြစ်ပါသည်။**

**ဒီဃသရ(၅)လုံး -** အာ( ာ ) ဤ( ီ ) ဦ( ူ ) ဧ( ေ ) ဩ( ော )

## ၆။ သေသာ ဗျဉ္ဇနာ။

**သေသာ၊** သရရှစ်လုံးမှကြွင်းသော ၃၃-လုံးသောအက္ခရာတို့သည်။ **ဗျဉ္ဇနာ၊** ဗျည်းမည်ကုန်သည်။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် သရရှစ်လုံးမှကြွင်းကုန်သော (က)အစ, နိဂ္ဂဟိတ်အဆုံးရှိသော ၃၃-လုံးသောအက္ခရာတို့ သည် "ဗျည်း'မည်ပုံကို ဖော်ပြသောသုတ် ဖြစ်ပါသည်။**

| | | | | | | | |
|---|---|---|---|---|---|---|---|
| **ဗျည်း(၃၃)လုံး -** က | ခ | ဂ | ဃ | င | | | |
| စ | ဆ | ဇ | ဈ | ည | | | |
| ဋ | ဌ | ဍ | ဎ | ဏ | | | |
| တ | ထ | ဒ | ဓ | န | | | |
| ပ | ဖ | ဗ | ဘ | မ | | | |
| ယ | ရ | လ | ဝ | သ | ဟ | ဠ | အံ |

## ၇။ ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ။

**ပဉ္စပဉ္စသော၊** ငါးလုံးစီ,ငါးလုံးစီရှိကုန်သော။ **မန္တာ၊** "မ"အဆုံးရှိကုန်သော ၂၅-လုံးသောဗျည်းတို့သည်။ **ဝဂ္ဂါ၊** ဝဂ်မည်ကုန်သည်။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် ဗျည်း(၃၃)လုံးတို့တွင် ငါးလုံး-ငါးလုံးသော (မ)အဆုံးရှိသည့် ၂၅-လုံးသောဗျည်းတို့ သည် "ဝဂ်"မည်ပုံကို ဖော်ပြသောသုတ် ဖြစ်ပါသည်။**

| | | | | | | |
|---|---|---|---|---|---|---|
| **ဝဂ်ဗျည်း(၂၅)လုံး -** | က | ခ | ဂ | ဃ | င | (က-ဝဂ်) |
| | စ | ဆ | ဇ | ဈ | ည | (စ-ဝဂ်) |
| | ဋ | ဌ | ဍ | ဎ | ဏ | (ဋ-ဝဂ်) |
| | တ | ထ | ဒ | ဓ | န | (တ-ဝဂ်) |
| | ပ | ဖ | ဗ | ဘ | မ | (ပ-ဝဂ်) |

***အဝဂ်(၇)လုံး -*** ယ ရ လ ဝ သ ဟ ဠ

## ၈။ အံကြတိ နိဂ္ဂဟီတံ။

**အံကြတိ၊** (အံ)ဟုဆိုအပ်သော ဗိန္ဒုသည်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်မည်သည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် "အံ"ဟူသော အစက်အပြောက်(ဗိန္ဒု)သည် "နိဂ္ဂဟိတ်"မည်ပုံကို ဖော်ပြသောသုတ်ဖြစ်ပါသည်။**

**နိဂ္ဂဟိတ်ဗျည်း -** အံ( ံ )

## ၉။ ပရသမညာ ပယောဂေ။

**ပယောဂေ၊** သုံးစွဲသင့်သည်။ **ပရသမညာ၊** တစ်ပါးသော သက္ကတကျမ်းတို့၏အမည်တို့ကိုလည်း။ **ယုဇ္ဇန္တေ၊** သုံးစွဲအပ်ကုန်၏။

***ဤသုတ်သည် သက္ကတစသောသဒ္ဒါကျမ်းတို့၌လာသည့် "ဃောသ,အဃောသ"စသောအမည်တို့ကိုလည်း ပါဠိသဒ္ဒါနှင့်ဆက်စပ်၍ လိုအပ်လျှင် ယူငင်သုံးစွဲနိုင်ပုံကို ညွှန်ပြသောသုတ် ဖြစ်ပါသည်။**

**ဃောသ(၂၁)လုံး -** ဂ ဃ င ဇ ဈ ည ဍ ဎ ဏ ဒ ဓ န ဗ ဘ မ ယ ရ လ ဝ ဟ ဠ

**အဃောသ(၁၁)လုံး -** က ခ စ ဆ ဋ ဌ တ ထ ပ ဖ သ

## ၁၀။ ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ။

**ပုဗ္ဗံ၊** ရှေ့ဗျည်းကို။ **အဓောဋ္ဌိတံ၊** (ရှေ့ဟုဆိုအပ်သော)အောက်၌တည်သည်ကိုငင်း။ **အဿရံ၊** သရကင်းသည်ကိုငင်း။ **(ကတွာ၊** ပြု၍)။ **သရေန၊** သရမှ။ **ဝိယောဇယေ၊** ခွင်းရာ၏။ **ဝါ-** ခွဲရွေ့ရာ၏။

****ဤသုတ်သည် ရှေ့ဗျည်းကို နောက်သရမှ ခွင်းသော (သရနှင့်ဗျည်းကိုခွဲသော)သုတ် ဖြစ်ပါသည်။**

| | | | | | |
|---|---|---|---|---|---|
| **ပုံစံ။** | က | = | က်**(က'ဗျည်း)** | + | အ( - )**(အ'သရ)** |
| | ခါ | = | ခ်**(ခ'ဗျည်း)** | + | အာ( ာ )**(အာ'သရ)** |
| | ဂိ | = | ဂ်**(ဂ'ဗျည်း)** | + | ဣ( ိ )**(ဣ'သရ)** |
| | ဃီ | = | ဃ်**(ဃ'ဗျည်း)** | + | ဤ( ီ )**(ဤ'သရ)** |
| | ငု | = | င်**(င'ဗျည်း)** | + | ဥ( ု )**(ဥ'သရ)** |
| | စူ | = | စ်**(စ'ဗျည်း)** | + | ဦ( ူ )**(ဦ'သရ)** |
| | ဇေ | = | ဇ်**(ဇ'ဗျည်း)** | + | ဧ( ေ- )**(ဧ'သရ)** |
| | ဈော | = | ဈ်**(ဈ'ဗျည်း)** | + | ဩ(ော )**(ဩ'သရ)** |

**<u>ဆိုရိုး။</u>** ။ **ပုဗ္ဗမဓောဠ္ဟိတမဿရံ သရေနေ ဝိယောဇယေ** ဟူသောသုတ်ဖြင့်- **အ**’သရမှ**က်**’ဗျည်းကိုခွင်း၊ **က်**’၏အစိတ် **အ**’ကြွင်း စေ၊ ခွင်းအပ်ပြီးသော,သရကင်းသော **က်**’ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌အစဉ်မပျက်ထား။
**[က်-ခွင်း၊ အ-ကြွင်း]**

## ၁၁။ နယေ ပရံ ယုတ္တေ။

**ယုတ္တေ၊** ယှဉ်ကပ်သင့်သည်။ **အဿရံ၊** သရကင်းသောရှေ့ဗျည်းကို။ **ပရံ၊** နောက်သရသို့။ **နယေ၊** ဆောင်ကပ်ရာ၏။

***ဤသုတ်သည် သန္ဓိစပ်ရာ၌ သရကင်းသော ဗျည်းကို နောက်သရသို့ ဆောင်ကပ်သောသုတ် ဖြစ်ပါသည်**

**ပုံစံ။** က် + အ(-) = က

**<u>ဆိုရိုး။</u>** ။ **နယေ ပရံ ယုတ္တေ** ဟူသောသုတ်ဖြင့်- သရကင်းသော **က်**ဗျည်းကို နောက် **အ**သို့ကပ်။ **[က် အသို့ကပ်]**

---

## <u>“သန္ဓိ” ဒုတိယပိုင်း(၁၁)သုတ်</u>

## ၁၂။ သရာ သရေ လောပံ။

| |
|---|
| ရှေ့**(သရX)+ သရ** |

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **သရာ၊** ရှေ့သရတို့သည်။ **လောပံ၊** ကျေပျောက်ခြင်းသို့။ **ပပ္ပေါန္တိ၊** ရောက်ကုန်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် <u>ရှေ့*သရ</u>ကို ချေသောသုတ် ဖြစ်ပါသည်။**

<u>‘သရာ သရေ လောပံ’ (ရုပ်တွက်)ပုံစံများ</u>

**(၁) ယဿိ.န္ဒြိယာနိ = (ယဿ+ဣန္ဒြိယာနိ)** (အကြင်သူ၏ဣန္ဒြေတို့သည်)

**ယဿိန္ဒြိယာနိ**ကို **(ယဿ+ဣန္ဒြိယာနိ)**ဟု ပုဒ်ဖြတ်၍တည်။

-‘ပုဗ္ဗမဓောဠ္ဟိတမဿရံ သရေနေ ဝိယောဇယေ’ ဟူသောသုတ်ဖြင့် **အ**’သရမှ **သ်**’ဗျည်းကိုခွင်း၊ သ်’၏ အစိတ်အ’ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်**’ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ယဿ်+အ+ဣန္ဒြိယာနိ)

-‘သရာ သရေ လောပံ’ ဟူသောသုတ်ဖြင့် နောက်**ဣ**’သရနှောင်းသောကြောင့် ရှေ့**အ**’သရကိုချေ။ (ယဿ်+ ဣန္ဒြိယာနိ)

-‘နယေ ပရံ ယုတ္တေ’ ဟူသောသုတ်ဖြင့် သရကင်းသော**သ်**’ဗျည်းကို နောက်**(ိ)**သို့ကပ်။

ယဿိန္ဒြိယာနိ ပြီး၏။

............................................................................................................................................

**(၂) နော.ဟေတံ = (နောဟိ+ဧတံ)** (ဤသို့ငါ့ဥစ္စာဟုတဏှာဖြင့်ယူခြင်းသည်မသင့်)

**နောဟေတံ**ကို **(နောဟိ+ဧတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှ **ဟ်**'ဗျည်းကိုခွင်း၊ ဟ်'၏ အစိတ်ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဟ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (နောဟ်+ဣ+ဧတံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဧ**'သရနှောင်းသောကြောင့် ရှေ့**ဣ**'သရကိုချေ။ (နောဟ်+ဧတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဟ်**'ဗျည်းကို နောက်**(ေ-)**သို့ကပ်။

နောဟေတံ ပြီး၏။

---

**(၃) သမေတာ.ယသ္မာ = (သမေတု+အာယသ္မာ)**

(အရှင်ဘုရားသည်သံဃာနှင့်အယူသီလညီမျှသောအဖြစ်သို့)

**သမေတာယသ္မာ**ကို **(သမေတု+အာယသ္မာ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ**'သရမှ **တ်**ဗျည်းကိုခွင်း၊ တ်'၏ အစိတ် ဥ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (သမေတ်+ဥ+အာယသ္မာ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အာ**'သရနှောင်းသောကြောင့် ရှေ့**ဥ**'သရကိုချေ။ (သမေတ်+ အာယသ္မာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**တ်**'ဗျည်းကို နောက်**(-ာ)**သို့ကပ်။

သမေတာယသ္မာ ပြီး၏။

---

## ၁၃။ ဝါ ပရော အသရူပါ။

**သရ** + နောက်**(သရX)**

**အသရူပါ၊** တူသောသုတိရှိသည်မဟုတ်သော ရှေ့သရမှ။ **ပရော၊** နောက်သရသည်။ **လောပံ၊** ကျေ ပျောက်ခြင်းသို့။ **ဝါ၊** အချို့အရာ၌။ **ပပ္ပေါန္တိ၊**ရောက်ကုန်၏။

***ဤသုတ်သည် သုတိမတူသောရှေ့သရမှ နောက်*သရကို ချေသောသုတ် ဖြစ်ပါသည်။**

((နောက်သရကိုချေရာ၌ ရှေ့သရနှင့်နောက်သရ မတူမှသာ “ချေ” လို့ရပါမယ်))

**(၄) စတ္တာရော.မေ = (စတ္တာရော+ဣမေ)** (လေးပါးကုန်သောဤတရားတို့သည်)

**စတ္တာရောမေ**ကို **(စတ္တာရော+ဣမေ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဩ**'သရမှ **ရ်**'ဗျည်းကိုခွင်း၊ ရ်'၏အစိတ် ဩ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ရ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (စတ္တာရ်+ဩ+ဣမေ)

-'ဝါ ပရော အသရူပါ'သုတ်ဖြင့် ရှေ့**ဩ**'မှ နောက်ဖြစ်သော**ဣ**'သရကိုချေ။ (စတ္တာရ်+ဩမေ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ရ်**'ဗျည်းကို နောက်**(ေ-ာ)**သို့ကပ်။

စတ္တာရောမေ ပြီး၏။

........................................................................................................................................................

**(၅) ကိန္နု.မာဝ = (ကိန္နု+ဣမာဝ)** (ဤဘိက္ခုနီမတို့သည်သာလျှင်ရဟန်းမတို့လော..)

**ကိန္နုမာဝ**ကို **(ကိန္နု+ဣမာဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ**'သရမှ **န္န်**'ဗျည်းကိုခွင်း၊ န္န်'၏အစိတ် ဥ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**န္န်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ကိန္န်+ဥ+ဣမာဝ)

-'ဝါ ပရော အသရူပါ' ဟူသောသုတ်ဖြင့် ရှေ့**ဥ**'မှ နောက်ဖြစ်သော **ဣ**'သရကိုချေ။ (ကိန္န်+ဥမာဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န္န်**'ဗျည်းကို နောက်**(ု)**သို့ကပ်။

ကိန္နုမာဝ ပြီး၏။

........................................................................................................................................................

**(၆) ပဥ္စိ.န္ဒြိယာနိ = (ပဥ္စ+ဣန္ဒြိယာနိ)** (ဣန္ဒြေတို့သည်ငါးပါးတို့တည်း)

**ပဥ္စိန္ဒြိယာနိ**ကို **(ပဥ္စ+ဣန္ဒြိယာနိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ ' ဟူသောသုတ်ဖြင့် **အ**'သရမှ **ဥ္စ်**'ဗျည်းကိုခွင်း၊ ဥ္စ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဥ္စ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ပဥ္စ်+အ+ဣန္ဒြိယာနိ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့**အ**'သရကိုချေ။ (ပဥ္စ်+ဣန္ဒြိယာနိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဥ္စ်**'ဗျည်းကို နောက်**(ိ)**သို့ကပ်။

ပဥ္စိန္ဒြိယာနိ ပြီး၏။

| ရှေ့(သရ X)+ဣ,ဤ→ ဧ |
| --- |
| ရှေ့(သရ X) +ဥ,ဦ → ဩ |

## ၁၄။ ကွစာသဝဏ္ဏံ လုတ္တေ။

**လုတ္တေ၊** ရှေ့သရကျေပြီးသည်ရှိသော်။ **ပရော၊** နောက်သရသည်။ **ကွစိ၊** အချို့သောပြယုဂ်၌။ **အသဝဏ္ဏံ၊** ဧ၊ဩ” ဟူသောအသဝဏ်အဖြစ်သို့။ **ပပ္ပေါန္တိ၊**ရောက်ကုန်၏။

***ဤသုတ်သည် ရှေ့သရကျေပြီးလျှင် နောက်ဣ-ဝဏ်ကို(ဧ)အသဝဏ်, ဥဝဏ်ကို(ဩ)အသဝဏ် ပြုသောသုတ် ဖြစ်ပါသည်။**

<u>'ကွစာသဝဏ္ဏံ လုတ္တေ' (ရုပ်တွက်)ပုံစံများ</u>

**(၇) နော.ပေတိ = (န+ဥပေတိ)** (..မရောက်)

**နောပေတိ**ကို **(န+ဥပေတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **န်'**ဗျည်းကိုခွင်း၊ န်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (န်+အ+ဥပေတိ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဥ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (န်+ဥပေတိ)

-'ကွစာသဝဏ္ဏံ လုတ္တေ' ဟူသောသုတ်ဖြင့် ရှေ့**အ'**သရကျေပြီးသည်ရှိသော် နောက်**ဥ'**သရကို (**ဩ**) အသဝဏ်ပြု။ (န်+ဩပေတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န်'**ဗျည်းကို နောက်**(ော)**သို့ကပ်။

နောပေတိ ပြီး၏။

---

**(၈) ဗန္ဓုဿေ.ဝ = (ဗန္ဓုဿ+ဣဝ)** (ဆွေမျိုး၏ပေါင်းသင်းခြင်းကဲ့သို့)

**ဗန္ဓုဿေဝ**ကို **(ဗန္ဓုဿ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ဿ်'**ဗျည်းကိုခွင်း ဿ်'၏ အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဿ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ဗန္ဓုဿ်+အ+ဧဝ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဧ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (ဗန္ဓုဿ်+ဣဝ)

-'ကွစာသဝဏ္ဏံ လုတ္တေ' ဟူသောသုတ်ဖြင့် ရှေ့**အ'**သရကျေပြီးသည်ရှိသော် နောက်**ဣ'**သရကို (**ဧ**) အသဝဏ်ပြု။ (ဗန္ဓုဿ်+ဧဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဿ**ဗျည်းကို နောက်**(ေ-)**သို့ကပ်။
ဗန္ဓုဿေဝ ပြီး၏။

.......................................................................................................................................................

## ၁၅။ ဒီဃံ။

| **ရှေ့(သရ X)+ ရဿ→ဒီဃ** |
|---|

**လုတ္တေ၊** ရှေ့သရကျေပြီးသည်ရှိသော်။ **ပရော၊** နောက်သရသည်။ **ဒီဃံ၊** ဒီဃအဖြစ်သို့။ **ပပ္ပေါန္တိ၊** ရောက်ကုန်၏။

***ဤသုတ်သည် ရှေ့သရကျေပြီးလျှင် နောက်ရဿသရကို ဒီဃပြုသောသုတ် ဖြစ်ပါသည်။**

ဒုတိယပိုင်းဒီဃံသုတ်ဖြစ်ပါသည်၊ တတိယပိုင်း၌လည်း ဒီဃံသုတ်ရှိသေး၏။ ဤသုတ်မစီရင်မီ "သရာ သရေ လောပံ''သုတ် အရင်ဦးစွာ ဝင်ထားရမည်။

<u>'ဒီဃံ' (ရုပ်တွက်)ပုံစံများ</u>

**(၉) သဒ္ဒီ.ဓ = (သဒ္ဓါ+ဣဓ)** (ဤလောက၌သဒ္ဓါတရား..)

**သဒ္ဒီဓ**ကို **(သဒ္ဓါ+ဣဓ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အာ'**သရမှ **ဒ္ဓ**ဗျည်းကိုခွင်း၊ ဒ္ဓ'၏အစိတ် အာ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဒ္ဓ'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (သဒ္ဓ+အာ+ဣဓ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ့**အာ'**သရကိုချေ။ (သဒ္ဓ+ဣဓ)

-'ဒုတိယပိုင်း ဒီဃံ' ဟူသောသုတ်ဖြင့် ရှေ့**အာ'**သရကျေပြီးသည်ရှိသော် နောက်**ဣ'**ရဿကို **(ဤ)**ဒီဃပြု။ (သဒ္ဓ+ဤဓ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဒ္ဓ'**ဗျည်းကို နောက်**(ီ)**သို့ကပ်။
သဒ္ဒီဓ ပြီး၏။

.......................................................................................................................................................

**(၁၀) စူ.ဘယံ = (စ+ဥဘယံ)** (..ရဟန်းတို့နှင့်ငင်း, နှစ်ပါးစုံသောသူတို့နှင့်)

**စူဘယံ**ကို **(စ+ဥဘယံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **စ်'**ဗျည်းကိုခွင်း၊ စ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**စ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (စ်+အ+ဥဘယံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဥ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။
(စ်+ဥဘယံ)

-'ဒုတိယပိုင်း ဒီဃံ'သုတ်ဖြင့် ရှေ့**အ'**သရကျေပြီးသည်ရှိသော် နောက်**ဥ'**ရဿကို **(ဦ)**ဒီဃပြု။
(စ်+ဦဘယံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ်'**ဗျည်းကို နောက်**(ူ)**သို့ကပ်။
စူဘယံ ပြီး၏။

................................................................................................................................................

## ၁၆။ ပုဗ္ဗော စ။

**ဒီဃ←** ရဿ +နောက်**(သရ X)**

**လုတ္တေ၊** နောက်သရကျေပြီးသည်ရှိသော်။ **ပုဗ္ဗော စ၊** ရှေ့သရသည်လည်း။ **ကွစိ၊** အချို့အရာ၌။ **ဒီဃံ၊** ဒီဃအဖြစ်သို့။ **ပပ္ပေါန္တိ၊**ရောက်ကုန်၏။

***ဤသုတ်သည် နောက်သရကျေပြီးလျှင် ရှေ့ရဿသရကို ဒီဃပြုသောသုတ် ဖြစ်ပါသည်။** ဤသုတ်ကို မစီရင်မီ 'ဝါ ပရော အသရူပါ'သုတ် အရင်ဝင်ထားရမည်။

'ပုဗ္ဗော စ'သုတ် (ရုပ်တွက်)ပုံစံများ

**(၁၁) ကိံသူ.ဓ = (ကိံသု+ဣဓ)** (ဤလောက၌..အဘယ်ပါနည်း)

**ကိံသူဓ**ကို **(ကိံသု+ဣဓ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ'**သရမှ **သ်'**ဗျည်းကိုခွင်း၊ သ်'၏ အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (ကိံသ်+ဥ+ဣဓ)

-'ဝါ ပရော အသရူပါ' ဟူသောသုတ်ဖြင့် သုတိမတူသော ရှေ့**ဥ'**သရမှ နောက်ဖြစ်သော **ဣ**'သရကိုချေ။
(ကိံသ်+ဥဓ)

-'ပုဗ္ဗော စ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရကျေပြီးသည်ရှိသော် ရှေ့**ဥ'**ရဿကို **ဦ**ဒီဃပြု။ (ကိံသ်+ဦဓ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**သ်'**ဗျည်းကို နောက်**(ူ)**သို့ကပ်။
ကိံသူဓ ပြီး၏။

................................................................................................................................................

**(၁၂) သာဓူ.တိ = (သာဓု+ဣတိ)** (ကောင်းပြီဟု)

**သာဓူတိ**ကို **(သာဓု+ဣတိ)**ဟု ပုဒ်ဖြတ်၍တည်။

ပုဗ္ဗမဓောဠှိတမသာရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ**'သရမှ **ခ်**'ဗျည်းကိုခွင်း၊ ခ်'၏အစိတ် ဥ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ခ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (သာခ်+ဥ+က္ကတိ)

-'ဝါ ပရော အသရူပါ' ဟူသောသုတ်ဖြင့် သုတိမတူသော ရှေ့**ဥ**'သရမှ နောက်ဖြစ်သော**က္က**'သရကိုချေ။ (သာခ်+ ဥတိ)

-'ပုဗ္ဗော စ' ဟူသောသုတ်ဖြင့် နောက်**က္က**'သရကျေပြီးသည်ရှိသော် ရှေ့**ဥ**ရဿကို **ဦ**ဒီဃပြု။ (သာခ်+ဦတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ခ်**'ဗျည်းကို နောက်**(ူ)**သို့ကပ်။

သာဓူတိ ပြီး၏။

.......................................................................................................................................................

**ယ← ဧ** +နောက်**(သရ )**

## ၁၇။ ယမေဒန္တဿာဒေသော။

**သရေ၊** နောက်သရကြောင့်။ **ဒေန္တဿ၊** ပုဒ်အဆုံးဖြစ်သော ဧ'အက္ခရာ၏။ **ကွစိ၊** အချို့အရာ၌။ **ယံ၊** ယ ဟူသော။ **အာဒေသော၊** အပြသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရကြောင့် ရှေ့အစိတ်ဖြစ်သော(ေ)ကို ယ(ျ)ပြုသောသုတ် ဖြစ်ပါသည်။**

<u>'ယမေဒန္တဿာဒေသော' (ရုပ်တွက်)ပုံစံများ</u>

**(၁၃) မျာ.ယံ = (မေ+အယံ)** (ငါသည်ဤတရားကို)

**မျာယံ**ကို **(မေ+အယံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠှိတမသာရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဧ**'သရမှ **မ်**'ဗျည်းကိုခွင်း၊ မ်'၏အစိတ် ဧ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**မ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (မ်+ဧ+အယံ)

-'ယမေဒန္တဿာဒေသော' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဧ**'ကို**(ျ)**ပြု။ (မ်+ျ+အယံ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်**ယ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**အ**'ရဿကို **(အာ)**ဒီဃပြု။ (မ်+ျ+အာယံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**(ျ)**ကို နောက်**အာ**သို့ကပ်၊ **မ်**ကိုလည်း **ျာ**သို့ကပ်။ မျာယံ ပြီး၏။

.......................................................................................................................................................

**(၁၄) တျာ.ဟံ = (တေ+အဟံ)** (သင့်အား, ငါသည်)

**တျာဟံ**ကို **(တေ+အဟံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠှိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဧ'**သရမှ **တ်'**ဗျည်းကိုခွင်း၊ တ်'၏ အစိတ် ဧ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (တ်+ဧ+အဟံ)

-'ယမေဒန္တဿာဒေသော' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဧ'**ကို (ျ)ပြု။ (တ်+ျ+အဟံ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်**ဟ'**ဗျည်းနှောင်းသောကြောင့် ရှေ့**အ'**ရဿကို (**အာ)**ဒီဃပြု။ (တ်+ျ+အာဟံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**(ျ)**ကို နောက်**အာ**သို့ကပ်၊ **တ်**ကိုလည်း**ျာ**သို့ကပ်။ တျာဟံ ပြီး၏။

---

**(၁၅) တျာ.သ = (တေ+အဿ)** (ထိုအာသဝေါတရားတို့သည်, ထိုရဟန္တာပုဂ္ဂိုလ်တို့အား)

**တျာဿ**ကို **(တေ+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠှိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဧ'**သရမှ **တ်'**ဗျည်းကိုခွင်း၊ တ်'၏ အစိတ် ဧ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော, သရကင်းသော**တ်**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (တ်+ဧ+အဿ)

-'ယမေဒန္တဿာဒေသော' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဧ'**ကို(ျ)ပြု။ (တ်+ျ+အဿ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်**ဿ်**ဗျည်းနှောင်းသောကြောင့် ရှေ့**အ**ရဿကို **အာ**ဒီဃပြု။ (တ်+ျ+အာဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**(ျ)**ကို(**အာ**)သို့ကပ်၊ **တ်**ကိုလည်း(**ျာ**) သို့ကပ်။ တျာဿ ပြီး၏။

---

**၁၈။ ဝမောဒုဒ္ဒန္တာနံ။** 

| ဝ← (ဩ/ဥ) + (သရ) |
|---|

**သရေ၊** နောက်သရကြောင့်။ **ဩဒုဒ္ဒန္တာနံ၊** ရှေ့အစိတ်ဖြစ်သော ဩ'အက္ခရာ, ဥအက္ခရာတို့၏။ **ကွစိ၊** အချို့သောပြယုဂ်၌။ **ဝံ၊** ဝ ဟူသော။ **အာဒေသော၊** အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရကြောင့် ရှေ့အစိတ်ဖြစ်သော(ဩ/ဥ)တို့ကို (ဝ)ပြုသောသုတ် ဖြစ်ပါသည်။**

'ဝမောဒုဒ္ဒန္တာနံ' (ရုပ်တွက်)ပုံစံများ

**(၁၆) အထခွ.ဿ = (အထခေါ+အဿ)** (ထိုအခါ၌, ထိုသူအား)

**အထခွဿ**ကို **(အထခေါ+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဩ**'သရမှ **ခ်**'ဗျည်းကိုခွင်း၊ ခ်'၏အစိတ် ဩ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ခ်**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အထခ်+ဩ+အဿ)

-'ဝမောဒုဒ္ဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဩ**'ကို (ဝ)ပြု။ (အထခ်+ဝ်+အဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဝ်**'ကို**အ**သို့ကပ်၊ **ခ်**ကိုလည်း( ွ )သို့ကပ်။ အထခွဿ ပြီး၏။

........................................................................................................................................

**(၁၇) သွ.ဿ = (သော+အဿ)** (ထိုသဘောတရားသည်, ထိုသူအား)

**သွဿ**ကို **(သော+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဩ**'သရမှ **သ်**'ဗျည်းကိုခွင်း၊ သ်'၏ အစိတ် ဩ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်**ဗျည်းကို ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက်ထား။ (သ်+ဩ+အဿ)

-'ဝမောဒုဒ္ဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဩ**'ကို (ဝ)ပြု။ (သ်+ဝ်+အဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော **ဝ်**'ကို **အ**သို့ကပ်၊ **သ်**ကိုလည်း **( ွ)**သို့ကပ်။ သွဿ ပြီး၏။

........................................................................................................................................

**(၁၈) ဗဟွာ.ဗာဓော = (ဗဟု+အာဗာဓော)** (များစွာသောအနာရောဂါသည်)

**ဗဟွာဗာဓော**ကို **(ဗဟု+အာဗာဓော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓော၌တမသဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ'**သရမှ **ဟ်'**ဗျည်းကိုခွင်း၊ ဟ်'၏အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဟ်**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ဗဟ်+ဥ+အာဗာဓော)

-'ဝမောဒုဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဥ**ကို(ဝ)ပြု။ (ဗဟ်+ဝ်+အာဗာဓော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော **ဝ်'**ကို **အာ**သို့ကပ်၊ **ဟ်**ကိုလည်း **(ွှ)**သို့ကပ်။ ဗဟွာဗာဓော ပြီး၏။

..........................................................................................................................................

**(၁၉) ဝတ္တွေ.တ္တ = (ဝတ္ထု+ဧတ္ထ)** (ဤအရပ်၌တည်နေရာမြေကို)

**ဝတ္တွေ**ကို **(ဝတ္ထု+ဧတ္ထ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓော၌တမသဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ'**သရမှ **တ္ထ်'**ဗျည်းကိုခွင်း၊ တ္ထ်'၏အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ္ထ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ဝတ္ထ်+ဥ+ဧတ္ထ)

-'ဝမောဒုဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**ဧ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဥ**ကို(ဝ)ပြု။ (ဝတ္ထ်+ဝ်+ဧတ္ထ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဝ်'**ကို **ဧ**သို့ကပ်၊ **တ္ထ်'**ကိုလည်း **(ေွှ)**သို့ကပ်။ ဝတ္ထွေတ္ထ ပြီး၏။

..........................................................................................................................................

**(၂၀) စက္ခွာ.ပါထံ = (စက္ခု+အာပါထံ)** (စက္ခုအားရှေ့ရှုထင်ခြင်းသို့..)

**စက္ခွာပါထံ**ကို **(စက္ခု+အာပါထံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓော၌တမသဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ'**သရမှ **က္ခ်'**ဗျည်းကိုခွင်း၊ က္ခ်'၏အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**က္ခ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (စက္ခ်+ဥ+အာပါထံ)

-'ဝမောဒုဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဥ**ကို(ဝ)ပြု။ (စက္ခ်+ဝ်+အာပါထံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဝ်'**ကို **အာ-**သို့ကပ်၊ **က္ခ်'**ကိုလည်း **(ွှ)**သို့ကပ်။ စက္ခွာပါထံ ပြီး၏။

..........................................................................................................................................

## ၁၉။ သဗ္ဗော စံ တိ။ 

**စ← (တိ) + (သရ )**

**သရေ၊** နောက်သရကြောင့်။ **သဗ္ဗော၊** အလုံးစုံသော။ **တိ၊** တိသဒ္ဒါတို့၏။ **စံ၊** စ-အပြုသည်။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ရှေ့အလုံးစုံဖြစ်သော(တိ)သဒ္ဒါကို (စ)ပြုသောသုတ်ဖြစ်ပါသည်။**

<u>'သဗ္ဗော စံ တိ' (ရုပ်တွက်)ပုံစံများ</u>

**(၂၁) ဣစ္စေ.တံ = (ဣတိ+ဧတံ)** (ဤသို့ဖြစ်ခြင်းသည်)

**ဣစ္စေတံ**ကို **(ဣတိ+ဧတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်**ဧ**'သရနှောင်းသောကြောင့် ဣတိ'သဒ္ဒါ၏တိကို **စ်**''ပြု။

(ဣစ်+ဧတံ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှနောက်ဖြစ်သော **စ**'၏သဒိသဒွေဘော်**စ်**'လာ။

(ဣစ္စ်+ဧတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ္စ်**'ကို နောက်**(ေ-)**သို့ကပ်။

ဣစ္စေတံ ပြီး၏။

............................................................................................................................................

**(၂၂) ဣစ္စ.ဿ = (ဣတိ+အဿ)** (ဤသို့...ဆိုအပ်သည်ဖြစ်ရာ၏)

**ဣစ္စဿ**ကို **(ဣတိ+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ဣတိ'သဒ္ဒါ၏တိကို **စ်**'ပြု။

(ဣစ်+အဿ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှနောက်ဖြစ်သော **စ**'၏သဒိသဒွေဘော်**စ်**'လာ။

(ဣစ္စ်+အဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ္စ်**'ကို နောက်**(-)**သို့ကပ်။

ဣစ္စဿ ပြီး၏။

............................................................................................................................................

**(၂၃) ပစ္စု.တ္တရိတွာ = (ပတိ+ဥတ္တရိတွာ)** (တစ်ဖန်ကူး၍)

**ပစ္စုတ္တရိတွာ**ကို **(ပတိ+ဥတ္တရိတွာ)**ဟု ပုဒ်ဖြတ်၍တည်။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်**ဥ**'သရနှောင်းသောကြောင့် ပတိ'သဒ္ဒါ၏တိကို **စ်**'ပြု။

(ပစ်+ဥတ္တရိတ္ဘာ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **အ'**သရမှနောက်ဖြစ်သော **စ'**၏သဒိသဒွေဘော်**စ်**လာ။

(ပစ္စ်+ဥတ္တရိတ္ဘာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ္စ်'**ကို နောက်**(ု)**သို့ကပ်။

ပစ္စုတ္တရိတ္ဘာ ပြီး၏။

..........................................................................................................................................................................

**(၂၄) ပစ္စာ.ဟရတိ = (ပတိ+အာဟရတိ)** (တစ်ဖန်ဆောင်၏)

**ပစ္စာဟရတိ**ကို **(ပတိ+အာဟရတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်***အာ'***သရနှောင်းသောကြောင့် ပတိ'သဒ္ဒါ၏တိကို **စ်'**ပြု။

(ပစ်+အာဟရတိ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **အ-**သရမှနောက်ဖြစ်သော **စ'**၏သဒိသဒွေဘော် **စ်'**လာ။

(ပစ္စ်+အာဟရတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ္စ်'**ကို နောက်**(-ာ)**သို့ကပ်။

ပစ္စာဟရတိ ပြီး၏။

..........................................................................................................................................................................

## ၂၀။ ဒေါ ဓဿ စ။

| |
|---|
| **ဒ←(ဓ)** +နောက် **သရ** |

**သရေ၊** နောက်သရကြောင့်။ **ဓဿ စ၊** ဓအောက်ခြိုက်၏လည်း။ **ဒေါ စ၊** ဒ-ဒွေးပြုသည်လည်း။ **ကွစိ၊** အချို့အရာ၌။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် (ဓ)အက္ခရာကို (ဒ)ပြုသောသုတ် ဖြစ်ပါသည်။**

<u>'ဒေါ ဓဿ စ' (ရုပ်တွက်)ပုံစံများ</u>

****(၂၅) ကေ.မိဒါ.ဟံ = (ကေံ+ဣဓ+အဟံ)** (ရဟန်းတို့ဤအရပ်၌ငါဘုရားသည်တစ်ခုသောအခါ၌)

**ကေမိဒါဟံ**ကို **(ကေံ+ဣဓ+အဟံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ' ဟူသောသုတ်ဖြင့် နောက်**အ-**သရနှောင်းသောကြောင့် **ဓ-**ကို (ဒ)ပြု။ (ကေံ+ဣဒ+အဟံ)

-'မဒါ သရေ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် **ကံ'**ဗျည်း၏အထက်နိဂ္ဂဟိတ်ကို **မ်'** ပြု။ (ကေ+မ်+ဣဒ+အဟံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**မ်'**ကို နောက်**(ိ)**သို့ကပ်။ (ကေ+မိဒ+အဟံ)

-'ပုဗ္ဗမဓောဠ်တမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ဒ်'**ဗျည်းကိုခွင်း၊ ဒ်'၏အစိတ်အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဒ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဥ်မပျက်ထား။ (ဧကေ+မိဒ်+အ+အဟံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ဒ်၏မှီရာ**အ'**သရကိုချေ။ (ဧကေ+မိဒ်+အဟံ)

-'ဒုတိယပိုင်း ဒီဃံ' ဟူသောသုတ်ဖြင့် ရှေ့**အ'**သရကျေပြီးသည်ရှိသော် နောက်**အ'**ရဿကို **(အာ)**ဒီဃပြု။ (ဧကေ+မိဒ်+အာဟံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဒ်'**ဗျည်းကို နောက်**(-ာ)**သို့ကပ်။
ဧကမိဒါဟံ ပြီး၏။

---

**(၂၆) သာ.ဟု = (သာစု)** (ကောင်း၏)

**သာဟု**ကို **(သာစု)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော စ-သဒ္ဒါဖြင့် **(ဓ)**ကို **(ဟ)**ပြု။
သာဓု ပြီး၏။

---

**(၂၇) သုဂ.တော = (သုဂဒေါ)** (ဟူသည်တည်း)

**သုဂတော**ကို **(သုဂဒေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော တော ဒဿဟူသော သုတ္တဝိဘာဂဖြင့် **(ဒ)**ကို **(တ)**ပြု။
သုဂတော ပြီး၏။

---

**(၂၈) ဒုက္က.ဋံ = (ဒုက္ကတံ)** (မကောင်းသဖြင့်ပြုအပ်၏)

**ဒုက္ကဋံ**ကို **(ဒုက္ကတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော ဋ္ဌော တဿဟူသော သုတ္တဝိဘာဂဖြင့် **(တ)**ကို **(ဋ)**ပြု။
ဒုက္ကဋံ ပြီး၏။

---

**(၂၉) ဂ.န္ဓဗ္ဗော = (ဂန္တဗ္ဗော)** (အမိဝမ်းသို့ဝင်ရောက်ထိုက်သူ)

**ဂန္ဓဗ္ဗော**ကို **(ဂန္တဗ္ဗော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော ဓော တဿဟူသော သုတ္တဝိဘာဂဖြင့် **(တ)**ကို **(ဓ)**ပြု။
ဂန္ဓဗ္ဗော ပြီး၏။

................................................................................................................................................

**(၃၀) အ.တြဇော = (အတ္တဇော)** (မိမိမှဖြစ်သောသား)

**အတြဇော**ကို **(အတ္တဇော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော တြော တ္တဿဟူသော သုတ္တဝိဘာဂဖြင့် **(တ္တ)**ကို **(တြ)**ပြု။
အတြဇော ပြီး၏။

................................................................................................................................................

**(၃၁) ကုလူပ.ကော = (ကုလူပဂေါ)** (အိမ်သို့အမြဲကပ်တတ်သောရဟန်း)

**ကုလူပကော**ကို **(ကုလူပဂေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော ကော ဂဿဟူသော သုတ္တဝိဘာဂဖြင့် **(ဂ)**ကို **(က)**ပြု။
ကုလူပကော ပြီး၏။

................................................................................................................................................

**(၃၂) မဟာသာ.လော = (မဟာသာရော)** (များစွာသောဥစ္စာရှိသူ)

**မဟာသာလော**ကို **(မဟာသာရော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော လော ရဿဟူသော သုတ္တဝိဘာဂဖြင့် **(ရ)**ကို **(လ)**ပြု။
မဟာသာလော ပြီး၏။

................................................................................................................................................

**(၃၃) ဂဝ.ဇော = (ဂဝယော)** (တောန္ဗား, နွားနောက်သတ္တဝါ)

**ဂဝဇော**ကို **(ဂဝယော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော ဇော ယဿဟူသော သုတ္တဝိဘာဂဖြင့် **(ယ)**ကို **(ဇ)**ပြု။
ဂဝဇော ပြီး၏။

................................................................................................................................................

**(၃၄) ကု.ဗ္ဗတော = (ကုဝ္ဝတော)** (ပြုတတ်သူအား)

**ကုဗ္ဗတော**ကို **(ကုဝ္ဝတော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ဓဿ စ'သုတ်၌ပါသော ဗ္ဗော ဝ္ဝဿဟူသော သုတ္တဝိဘာဂဖြင့် **(ဝ္ဝ)**ကို **(ဗ္ဗ)**ပြု။
ကုဗ္ဗတော ပြီး၏။

**(၃၅) သ.ကေ = (သယေ)** (မိမိဥစ္စာတို့ကို)

**သကေ**ကို **(သယေ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ခေသ စ'သုတ်၌ပါသော ကော ယဿဟူသော သုတ္တဝိဘာဂဖြင့် **(ယ)**ကို **(က)**ပြု။ သကေ ပြီး၏။

---

**(၃၆) နိ.ယံပုတ္တံ = (နိဇံပုတ္တံ)** (မိမိကိုမှီ၍ဖြစ်သောသား)

**နိယံပုတ္တံ**ကို **(နိဇံပုတ္တံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ခေသ စ'သုတ်၌ပါသော ယော ဇဿဟူသော သုတ္တဝိဘာဂဖြင့် **(ဇ)**ကို **(ယ)**ပြု။ နိယံပုတ္တံ ပြီး၏။

---

**(၃၇) နိယ.ကော = (နိယတော)** (မြဲ၏)

**နိယကော**ကို **(နိယတော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ခေသ စ'သုတ်၌ပါသော ကော တဿဟူသော သုတ္တဝိဘာဂဖြင့် **(တ)**ကို **(က)**ပြု။ နိယကော ပြီး၏။

---

**(၃၈) ဘ.စ္စော = (ဘတ္တော)** (သူခစား)

**ဘစ္စော**ကို **(ဘတ္တော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ခေသ စ'သုတ်၌ပါသော စ္စော တ္တဿဟူသော သုတ္တဝိဘာဂဖြင့် **(တ္တ)**ကို **(စ္စ)**ပြု။ ဘစ္စော ပြီး၏။

---

**(၃၉) နိ.ပ္ဖတ္တိ = (နိပ္ပတ္တိ)** (ဖြစ်ခြင်း)

**နိပ္ဖတ္တိ**ကို **(နိပ္ပတ္တိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ခေသ စ'သုတ်၌ပါသော ဖော ပဿဟူသော သုတ္တဝိဘာဂဖြင့် **(ပ)**ကို **(ဖ)**ပြု။ နိပ္ဖတ္တိ ပြီး၏။

---

**(၄၀) နိ.က္ခမတိ = (နိက္ကမတိ)** (ထွက်သွား၏)

**နိက္ခမတိ**ကို **(နိက္ကမတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဒေါ ခေသ စ'သုတ်၌ပါသော ခေါ ကဿဟူသော သုတ္တဝိဘာဂဖြင့် **(က)**ကို **(ခ)**ပြု။ နိက္ခမတိ ပြီး၏။

## ၂၁။ က္လဝဏ္ဏော ယံ နဝါ။ 

ယ← (က္လ/ဤ) + (သရ)

**သရေ၊** နောက်သရကြောင့်။ **က္လဝဏ္ဏော၊** က္လ-ဝဏ်သည်။ **ဒေါ စ၊ နဝါ၊** အချို့အရာ၌။ **ယံ၊** ယ-အပြုသို့။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ရှေ့က္လ-ဝဏ်ကို ယ(ျ)ပြုသောသုတ် ဖြစ်ပါသည်။**

'က္လဝဏ္ဏော ယံ နဝါ' (ရုပ်တွက်)ပုံစံ

**(၄၁) ဝုတျ.သ = (ဝုတ္တိ+အဿ)** (အသက်မွေးခြင်းသည်ဖြစ်ရာ၏)

**ဝုတျဿ**ကို **(ဝုတ္တိ+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **က္လ'**သရမှ **တ္တ်'**ဗျည်းကိုခွင်း၊ တ္တ်'၏ အစိတ် က္လ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ္တ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက်ထား။ (ဝုတ္တ်+က္လ+အဿ)

-'က္လဝဏ္ဏော ယံ နဝါ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့က္လ'သရကို **ယ်'**ပြု။ (ဝုတ္တ်+ယ်+အဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ယ်**ကို **အ'**သို့ကပ်၊ **တ္တ်'**ကိုလည်း **(ျ)**သို့ကပ်။ (ဝုတ္တျဿ)

-'ဗျဉ္ဇနေ စ ဝိသညောဂေါ' ဟူသောသုတ်၌ပါသော **စ**-သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူရာအစ **(တ)**ဗျည်းတစ်လုံးကိုချေ။

ဝုတျဿ ပြီး၏။

---

**(၄၂) ဝိတျာ.နုဘူယတေ = (ဝိတ္တိ+အနုဘူယတေ)** (စည်းစိမ်ချမ်းသာကိုခံစားအပ်၏)

**ဝိတျာနုဘူယတေ**ကို **(ဝိတ္တိ+အနုဘူယတေ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **က္လ'**သရမှ **တ္တ်'**ဗျည်းကိုခွင်း၊ တ္တ်'၏ အစိတ် က္လ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ္တ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက်ထား။ (ဝိတ္တ်+က္လ+အနုဘူယတေ)

-'က္လဝဏ္ဏော ယံ နဝါ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**က္လ'**သရကို(ယ်)ပြု။ (ဝိတ္တ်+ယ်+အနုဘူယတေ)

-'တတိယပိုင်းဒီဃံ' ဟူသောသုတ်ဖြင့် နောက်**န'**ဗျည်းနှောင်သောကြောင့် ရှေ့**အ'**ရဿကို **အာ'**ဒီဃပြု။ (ဝိတ္တ်+ယ်+အာနုဘူယတေ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ယ်**'ကို **အာ**သို့ကပ်၊ **တ္တ်**'ကိုလည်း **(-ျာ)**သို့ကပ်။
(ဝိတ္တျာနုဘူယတေ)
-'ဗျဥ္ဇနော စ ဝိသညောဂေါ' ဟူသောသုတ်၌ပါသော **စ**-သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူရာအစ **(တ)**ဗျည်းတစ်လုံးကိုချေ။
ဝိတျာနုဘူယတေ ပြီး၏။

..........................................................................................................................................

## *၂၂။ ဧဝါဒိဿ ရိ ပုဗ္ဗော စ ရဿော။

| |
|---|
| **အ← (အာ) + (ဧဝ )→ရိဝ** |

**ဧဝါဒိဿ၊** ဧဝ-သဒ္ဒါ၏အစဖြစ်သော **ဧ**-အက္ခရာ၏။ **ရိ၊** ရိအပြုသည်။ **ဟောတိ၊** ဖြစ်၏။ **ပုဗ္ဗော စ၊** ရှေ့**အာ**သရသည်လည်း။ **ရဿော၊** ရဿ-အပြုသည်။ **ဟောတိ၊** ဖြစ်၏။
***ဤသုတ်သည် ရှေ့အာသရမှ နောက်ဖြစ်သော ဧဝ-သဒ္ဒါ၏အစဖြစ်သော(ဧ)ကို (ရိ)ပြု၍၊ ရှေ့အာ-သရကိုလည်း(အ)ရဿပြုသောသုတ် ဖြစ်ပါသည်။**

<u>'ဧဝါဒိဿ ရိ ပုဗ္ဗော စ ရဿော' (ရုပ်တွက်)ပုံစံများ</u>

**(၄၃) ယထ.ရိဝ = (ယထာ+ဧဝ)** (အကြင်အခြင်းအရာအားဖြင့်သာလျှင်)
**ယထရိဝ**ကို **(ယထာ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။
-'ဧဝါဒိဿ ရိ ပုဗ္ဗော စ ရဿော' ဟူသောသုတ်ဖြင့် ရှေ့**(အာ)**သရမှ နောက်ဖြစ်သော **ဧဝ**-သဒ္ဒါ၏အစ ဧ-ကို **(ရိ)**ပြု၍ ရှေ့**အာ**'ကိုလည်း **အ**'ရဿပြု**။**
ယထရိဝ ပြီး၏။

..........................................................................................................................................

**(၄၄) တထ.ရိဝ = (တထာ+ဧဝ)** (ထိုအခြင်းအရာအားဖြင့်သာလျှင်)
**တထရိဝ**ကို **(တထာ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။
-'ဧဝါဒိဿ ရိ ပုဗ္ဗော စ ရဿော' ဟူသောသုတ်ဖြင့် ရှေ့**(အာ)**သရမှ နောက်ဖြစ်သော **ဧဝ**-သဒ္ဒါ၏အစ ဧ-ကို **(ရိ)**ပြု၍ ရှေ့**အာ**'ကိုလည်း **အ**'ရဿပြု**။**
တထရိဝ ပြီး၏။

..........................................................................................................................................

## သန္ဓိတတိယပိုင်း(၇)သုတ်

**ဩ← (ဩ)** + နောက်(ဗျည်း)

## ၂၃။ သရာ ပကတိ ဗျဥ္ဇနေ။

**ဗျဥ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **သရာ၊** ရှေ့သရတို့သည်။ **ပကတိ၊** ပင်ကိုယ်အတိုင်း။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့*သရကို ပကတိပြုသောသုတ် ဖြစ်ပါသည်။**

'သရာ ပကတိ ဗျဥ္ဇနေ' (ရုပ်တွက်)ပုံစံများ

**(၄၅) မနော.ပုဗ္ဗင်္ဂမာ = (မနော+ပုဗ္ဗင်္ဂမာ)** (ဝိညာဏက္ခန္ဓာသာလျှင်ပြဋ္ဌာန်းခြင်းရှိကုန်၏)

**မနောပုဗ္ဗင်္ဂမာ**ကို **(မနော+ပုဗ္ဗင်္ဂမာ)**ဟုပုဒ်ဖြတ်၍တည်။

-'သရာ ပကတိ ဗျဥ္ဇနေ" ဟူသောသုတ်ဖြင့် နောက်**ပ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**ဩ'**သရကို **(ဩ)**ဟု ပကတိပြု။

မနောပုဗ္ဗင်္ဂမာ ပြီး၏။

---

**(၄၆) ပမာဒေါ.မစ္စုနော = (ပမာဒေါ+မစ္စုနော)** (မေ့လျော့ခြင်းသည်အဖန်ဖန်သေရခြင်း၏)

**ပမာဒေါမစ္စုနော**ကို **(ပမာဒေါ+မစ္စုနော)**ဟုပုဒ်ဖြတ်၍တည်။

-'သရာ ပကတိ ဗျဥ္ဇနေ" ဟူသောသုတ်ဖြင့် နောက်**မ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**ဩ'**သရကို **(ဩ)**ဟု ပကတိပြု။

ပမာဒေါမစ္စုနော ပြီး၏။

---

**(၄၇) တိဏ္ဏော.ပါရင်္ဂတော = (တိဏ္ဏော+ပါရင်္ဂတော)** (ကူးမြောက်ပြီးသောသူသည် ကမ်းတစ်ဖက်သို့)

**တိဏ္ဏောပါရင်္ဂတော**ကို **(တိဏ္ဏော+ပါရင်္ဂတော)**ဟုပုဒ်ဖြတ်၍တည်။

-'သရာ ပကတိ ဗျဥ္ဇနေ" ဟူသောသုတ်ဖြင့် နောက်**ပ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**ဩ'**သရကို **(ဩ)**ဟု ပကတိပြု။

မနောပုဗ္ဗင်္ဂမာ ပြီး၏။

---

## ၂၄။ သရေ ကွစိ။ 

**သြ← (သြ)** + နောက်**(သရ)**

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **သရာ၊** ရှေ့သရတို့သည်။ **ကွစိ၊** အချို့အရာ၌။ **ပကတိ၊** ပင်ကိုယ် အတိုင်း။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ရှေ့*သရကို ပကတိပြုသောသုတ် ဖြစ်ပါသည်။**

<u>'သရေ ကွစိ' (ရုပ်တွက်)ပုံစံများ</u>

**(၄၈) ကော.ဣမံ = (ကော+ဣမံ)** (အဘယ်သူသည်)

**ကောဣမံ**ကို **(ကော+ဣမံ)**ဟုပုဒ်ဖြတ်၍တည်။

-'သရေ ကွစိ" ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ့**သြ'**သရကို **(သြ)**ဟု ပကတိပြု။ ကောဣမံ ပြီး၏။

................................................................................................................................................

## ၂၅။ ဒီဃံ။

**ဒီဃ←( ရဿ )+ နောက်ဗျည်း**

**ဗျဉ္စနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **သရာ၊** ရှေ့သရတို့သည်။ **ကွစိ၊** အချို့အရာ၌။ **ဒီဃံ၊** ဒီဃ အဖြစ်သို့။ **ပပ္ပေါန္တိ၊** ရောက်ကုန်၏။

***ဤတတိယပိုင်းဒီဃံသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့ရဿသရကို ဒီဃပြုသောသုတ် ဖြစ်ပါသည်။**

<u>'တတိယပိုင်းဒီဃံ' (ရုပ်တွက်)ပုံစံများ</u>

**(၄၉) သမ္မာ.ဓမ္မံ = (သမ္မ+ဓမ္မံ)** (ကောင်းသောတရားကို)

**သမ္မာဓမ္မံ**ကို **(သမ္မ+ဓမ္မံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **မ္မ်'**ဗျည်းကိုခွင်း၊ မ္မ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**မ္မ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဥ်မပျက် ထား။ (သမ်မ်+အ+ဓမ္မံ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်**ဓ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**အ'**ရဿကို **(အာ)**ဒီဃပြု။ (သမ်မ်+အာ+ဓမ္မံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**မ္မ်'**ကို နောက်**(-ာ)**သို့ကပ်။

သမ္မာဓမ္မံ ပြီး၏။

................................................................................................................................................

**(၅၀) မုနီ.စရေ = (မုနိ+စရေ)** (ရဟန်းသည်ကျင့်ရာ၏)

**မုနီစရေ**ကို **(မုနိ+စရေ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဝ္ဂီတမယသရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှ **န်**'ဗျည်းကိုခွဲ၍၊ န်'၏အစိတ် ဣ'ကြွင်းစေ၊ ခွဲ၍အပ်ပြီးသော,သရကင်းသော**န်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (မုန်+ဣ+စရေ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်**စ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ဣ)**'ရဿကို **(ီ)**ဒီဃပြု။

(မုန်+ီ+စရေ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န်**'ကို နောက်**(ီ)**'သို့ကပ်။

မုနီစရေ ပြီး၏။

................................................................................................................................................

**(၅၁) ခန္တီ.ပရမံ = (ခန္တိ+ပရမံ)** (သည်းခံခြင်းသည်မွန်မြတ်သော)

**ခန္တီပရမံ**ကို **(ခန္တိ+ပရမံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဝ္ဂီတမယသရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှ **န္တ်**'ဗျည်းကိုခွဲ၍၊ န္တ်'၏အစိတ် ဣ'ကြွင်းစေ၊ ခွဲ၍အပ်ပြီးသော,သရကင်းသော**န္တ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ခန္တ်+ဣ+ပရမံ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်**ပ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**ဣ**'ရဿကို **(ီ)**ဒီဃပြု။

(ခန္တ်+(ီ)+ပရမံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န္တ်**'ကို နောက်**(ီ)**'သို့ကပ်။

ခန္တီပရမံ ပြီး၏။

................................................................................................................................................

## ၂၆။ ရဿံ။ 

| ရဿ←( ရဿ )+ နောက်ဗျည်း |
|---|

**ဗျဉ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **သရာ၊** ရှေ့သရတို့သည်။ **ကွစိ၊** အချို့အရာ၌။ **ရဿံ၊** ရဿ အဖြစ်သို့။ **ပပ္ပေါန္တိ၊** ရောက်ကုန်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့ဒီဃသရကို ရဿပြုသောသုတ် ဖြစ်ပါသည်။**

<u>'ရသံ' (ရုပ်တွက်)ပုံစံများ</u>

**(၅၂) ဘောဝါဒိ.နာမ = (ဘောဝါဒီ+နာမ)** (ဘောဘောဟုဆိုလေ့ရှိသောသူမည်သည်)

**ဘောဝါဒိနာမ**ကို **(ဘောဝါဒီ+နာမ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဤ**'သရမှ **ဒ်**'ဗျည်းကိုခွဲ၊ ဒ်'၏အစိတ် ဤ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော**ဒ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ဘောဝါဒ်+(ီ)+နာမ)

-'ရသံ' ဟူသောသုတ်ဖြင့် နောက်**န်**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ီ)**'ဒီဃကို **(ိ)**ရဿပြု။ (ဘောဝါဒ်+(ိ)+နာမ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဒ်**'ကို နောက်**(ိ)**'သို့ကပ်။

ဘောဝါဒိနာမ ပြီး၏။

..........................................................................................................................................

**(၅၃) ယထာဘာဝိ.ဂုဏေန = (ယထာဘာဝီ+ဂုဏေန)** (ဂုဏ်ကျေးဇူးကြောင့်ယထာဘာဝီမည်၏)

**ယထာဘာဝိဂုဏေန**ကို **(ယထာဘာဝီ+ဂုဏေန)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဤ**'သရမှ **ဝ်**'ဗျည်းကိုခွဲ၊ ဝ်'၏အစိတ် ဤ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော **ဝ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ယထာဘာဝ်+(ီ)+ဂုဏေန)

-'ရသံ' ဟူသောသုတ်ဖြင့် နောက်**ဂ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ီ)**'ဒီဃကို **(ိ)**ရဿပြု။ (ယထာဘာဝ်+(ိ)+ဂုဏေန)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဝ်**'ကို နောက်**(ိ)**'သို့ကပ်။

ယထာဘာဝိဂုဏေန ပြီး၏။

..........................................................................................................................................

**အ→( ဩX )+ နောက်ဗျည်း**

## ၂၇။ လောပဥ္စတတြ ကာရော။

**ဗျဥ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **သရာ ခေါ၊** ရှေ့သရတို့သည်။ **ကွစိ၊** အချို့အရာ၌။ **လောပံ၊** ကျေပျောက်ခြင်းသို့။ **ပပ္ပေါန္တိ၊** ရောက်ကုန်၏။ **တတြ၊** ထိုကျေရာ၌။ **အကာရော စ၊** အ-အက္ခရာလာသည်လည်း။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့သရကို ချေ၍၊ ထိုကျေရာ၌(အ)အက္ခရာ လာသောသုတ် ဖြစ်ပါသည်။**

**(၅၄) သ.သီလဝါ = (သော+သီလဝါ)** (ထိုသူသည်သီလရှိသူတည်း)

**သသီလဝါ**ကို **(သော+သီလဝါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **သြ'**သရမှ **သ်-**ဗျည်းကိုခွဲ၍၊ သ်'၏ အစိတ် သြ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သ်+သြ+သီလဝါ)

-'လောပဋ္ဌတတြာ ကာရော' ဟူသောသုတ်ဖြင့် နောက်**သ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**သြ'**သရကိုချေ ပြီး၍၊ ထိုကျေပြီးသောနေရာ၌ **(အ)**လာ။ (သ်+အ+သီလဝါ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**သ်'**ကို နောက်**(အ)**သို့ကပ်။

သသီလဝါ ပြီး၏။

..........................................................................................................................................

**(၅၅) သ.ပညဝါ = (သော+ပညဝါ)** (ထိုသူသည်ပညာရှိသူတည်း)

**သပညဝါ**ကို **(သော+ပညဝါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **သြ'**သရမှ **သ်-**ဗျည်းကိုခွဲ၍၊ သ်'၏ အစိတ် သြ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သ်+သြ+ပညဝါ)

-'လောပဋ္ဌတတြာ ကာရော' ဟူသောသုတ်ဖြင့် နောက်**ပ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**သြ'**သရကိုချေ ပြီး၍၊ ထိုကျေပြီးသောနေရာ၌ **(အ)**လာ။ (သ်+အ+ပညဝါ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**သ်'**ကို နောက်**အ'**သို့ကပ်။

သပညဝါ ပြီး၏။

..........................................................................................................................................

**(၅၆) သေ.ဓမ္မော = (သော+ဓမ္မော)** (ဤသဘောသည်)

**သေဓမ္မော**ကို **(သော+ဓမ္မော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **သြ'**သရမှ **သ်-**ဗျည်းကိုခွဲ၍၊ သ်'၏ အစိတ် သြ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သေ်+သြ+ဓမ္မော)

-'လောပဋ္ဌတတြာ ကာရော' ဟူသောသုတ်ဖြင့် နောက်**ဓ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**သြ'**သရကိုချေ ပြီး၍၊ ထိုကျေပြီးသောနေရာ၌ **(အ)**လာ။ (သေ်+အ+ဓမ္မော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**သ်'**ကို နောက်**အ'**သို့ကပ်။
သေဓမ္မော ပြီး၏။

............................................................................................................................................

**(၅၇) သ.ဝေကသာဝ = (သော+ဝေကသာဝ)** (ထိုသူသည်စင်စစ်ဖန်ရည်စွန်းသောအဝတ်ကို..)

**သဝေကသာဝ**ကို **(သော+ဝေကသာဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠ်တမယသရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **သြ'**သရမှ **သ်-**ဗျည်းကိုခွင်း၊ သ်'၏ အစိတ် သြ' ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သ်+သြ+ဝေကသာဝ)

-'လောပဉ္စတတြာ ကာရော' ဟူသောသုတ်ဖြင့် နောက်**ဝ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**သြ'**သရကိုချေ ပြီး၍၊ ထိုကျေပြီးသောနေရာ၌ **(အ)**လာ။ (သ်+အ+ဝေကသာဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**သ်'**ကို နောက်**အ'**သို့ကပ်။
သဝေကသာဝ ပြီး၏။

............................................................................................................................................

**(၅၈) သ.ဝေမုနိ = (သော+ဝေမုနိ)** (ထိုရဟန်းသည်စင်စစ်..)

**သဝေမုနိ**ကို **(သော+ဝေမုနိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠ်တမယသရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **သြ'**သရမှ **သ်-**ဗျည်းကိုခွင်း၊ သ်'၏ အစိတ် သြ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သ်+သြ+ဝေမုနိ)

-'လောပဉ္စတတြာ ကာရော' ဟူသောသုတ်ဖြင့် နောက်**ဝ်'**ဗျည်းနှောင်းသောကြောင့် ရှေ့**သြ'**သရကိုချေ ပြီး၍၊ ထိုကျေပြီးသောနေရာ၌ **အ'**လာ။ (သ်+အ+ဝေမုနိ)

-'နယေ ပရံ ယုတ္တေ'ဟူသောသုတ်ဖြင့် သရကင်းသော**သ်'**ကို နောက်**အ'**သို့ကပ်။
သဝေမုနိ ပြီး၏။

............................................................................................................................................

## ၂၈။ ပရ ဒွေဘာဝေါ ဌာနေ။

(သရ) + (ပ )→ပ္ပ

**ဌာနေ၊** သင့်လျော်ရာဌာန၌။ **သရာမှာ၊** သရမှ။ **ပရ၊** နောက်ဗျည်း၏။ **ဒွေဘာဝေါ၊** သဒိသဒွေဘော် အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် သရ၏နောက်၌ရှိသော ဗျည်းကို သဒိသဒွေဘော်(ဗျည်းနှစ်လုံးတူအောင်)ပြုသော သုတ် ဖြစ်ပါသည်။**

<u>'ပရ ဒွေဘာဝေါ ဌာနေ' (ရုပ်တွက်)ပုံစံများ</u>

**(၅၉) ဣဓ.ပ္ပမာဒေါ = (ဣဓ+ပမာဒေါ)** (ဤလောက၌ …မေ့လျော့ခြင်းသည်)

**ဣဓပ္ပမာဒေါ**ကို **(ဣဓ+ပမာဒေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် ဓ'၏မှီရာ **အ'**သရမှ နောက်ဖြစ်သော **ပ'**၏သဒိသဒွေဘော် **(ပ္ပ)**ပြု။

ဣဓပ္ပမာဒေါ ပြီး၏။

........................................................................................................................................................................

**(၆၀) ပ.ဗ္ဗဇ္ဇံ = (ပ+ဝဇ္ဇံ)** (ရဟန်းဖြစ်ပုံကို)

**ပဗ္ဗဇ္ဇံ**ကို **(ပ+ဝဇ္ဇံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် ပ'၏မှီရာ **အ'**သရမှ နောက်ဖြစ်သော **ဝ'**၏သဒိသဒွေဘော် **(ဝွ)**ပြု။ (ပဝွဇ္ဇံ)

-'ဒေါ ဓဿ စ' သုတ်၌ပါသော "ဗွော ဝွဿ" ဟူသော သုတ္တဝိဘာဂဖြင့် **(ဝွ)**ကို **(ဗ္ဗ)**ပြု။

ပဗ္ဗဇ္ဇံ ပြီး၏။

........................................................................................................................................................................

**(၆၁) စာတု.ဒ္ဒသိံ = (စာတု+ဒသိံ)** (၁၄-ရက်မြောက်နေ့၌ၣင်း)

**စာတုဒ္ဒသိံ**ကို **(စာတု+ဒသိံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် တ'၏မှီရာ **ဥ'**သရမှ နောက်ဖြစ်သော **ဒ'**၏သဒိသဒွေဘော် **(ဒ္ဒ)**ပြု။

စာတုဒ္ဒသိံ ပြီး၏။

........................................................................................................................................................................

**(၆၂) ပဉ္စ.ဒ္ဒသိံ = (စာတု+ဒသိံ)** (၁၅-ရက်မြောက်နေ့၌ၣင်း)

**ပဉ္စဒ္ဒသိံ**ကို **(ပဉ္စ+ဒသိံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် ဍ္ဎ'၏မှီရာ **အ'**သရမှ နောက်ဖြစ်သော **ဒ'**၏သဒိသဒွေဘော် **(ဒ္ဒ)**ပြု။
စာတုဒ္ဒသီ ပြီး၏။

..............................................................................................................................................................

**(၆၃) ပုရိသ.သ္သ = (ပုရိသ+သ)** (ယောကျ်ား၏)

**ပုရိသသ္သ**ကို **(ပုရိသ+သ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် သ'၏မှီရာ **အ'**သရမှ နောက်ဖြစ်သော **သ'**၏သဒိသဒွေဘော် **(သ္သ)**ပြု။
ပုရိသသ္သ ပြီး၏။

..............................................................................................................................................................

**(၆၄) အဘိ.က္ကန္တရော = (အဘိ+ကန္တရော)** (အလွန်နှစ်လိုဖွယ်ရှိ၏)

**အဘိက္ကန္တရော**ကို **(အဘိ+ကန္တရော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် ဘ'၏မှီရာ **(ိ)**သရမှ နောက်ဖြစ်သော **က'**၏သဒိသဒွေဘော် **(က္က)**ပြု။
အဘိက္ကန္တရော ပြီး၏။

..............................................................................................................................................................

## ၂၉။ ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဉ္စမာ။

| အဃောသ | | ဃောသ | | |
|---|---|---|---|---|
| ပ → | ဒု | တ → | စ | ပဉ္စ |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

**ဌာနေ၊** သင့်လျော်ရာဌာန၌။ **ဝဂ္ဂေ၊** ဝဂ်၌။ **တတိယပဉ္စမာ၊** တတိယက္ခရာ,ပဉ္စမက္ခရာတို့သည်။ **ဃောသာ. ဃောသာနံ၊** ဃောသ,အဃောသဖြစ်ကုန်သော စတုတ္ထ ဒုတိယ အက္ခရာတို့၏။ **ဒွေဘာဝံ၊ အ**သဒိသ ဒွေဘော် အဖြစ်သို့။ **ဂစ္ဆန္တိ၊** ရောက်ကုန်၏။

***ဤသုတ်သည် အသဒိသဒွေဘော်ပြသင့်သောဌာန၌ ဝဂ်ဗျည်းတို့တွင် ဒုတိယက္ခရာကိုပထမက္ခရာနှင့် စတုတ္ထက္ခရာကိုတတိယက္ခရာနှင့် အသဒိသဒွေဘော်ပြသောသုတ် ဖြစ်ပါသည်။**

'ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမ' (ရုပ်တွက်)ပုံစံများ

**(၆၅) စ.ဇ္ဈာနပ္ဖလော = (စ+ဈာနဖလော)** (ဤတရားသည်သာလျှင်လည်းဈာန်ဟူသောအကျိုး..)

**စဇ္ဈာနပ္ဖလော**ကို **(စ+ဈာနဖလော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမ' ဟူသောသုတ်ဖြင့် စတုတ္ထက္ခရာ**(ဈ)**၏ အသဒိသဒွေဘော် တတိယ က္ခရာ**(ဇ)**လာ။ (စ+ဇ္ဈာနဖလော)

-'ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမ' ဟူသောသုတ်ဖြင့် ဒုတိယက္ခရာ**(ဖ)**၏ အသဒိသဒွေဘော် ပထမက္ခရာ **(ပ)**လာ။

စဇ္ဈာနပ္ဖလော ပြီး၏။

.......................................................................................................................................................

**(၆၆) ယတြ.ဋ္ဌိတံ = (ယတြ+ဌိတံ)** (အကြင်အရပ်၌တည်သောသူကို.)

**ယတြဋ္ဌိတံ**ကို **(ယတြ+ဌိတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမ' ဟူသောသုတ်ဖြင့် ဒုတိယက္ခရာ**(ဌ)**၏ အသဒိသဒွေဘော် ပထမက္ခရာ **(ဋ)**လာ။

ယတြဋ္ဌိတံ ပြီး၏။

.......................................................................................................................................................

**(၆၇) မုဒ္ဓနိ.ဋ္ဌိတော = (မုဒ္ဓနိ+ဌိတော)** (တောင်ထိပ်၌တည်သူ)

**မုဒ္ဓနိဋ္ဌိတော**ကို **(မုဒ္ဓနိ+ဌိတော)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂေ ဃောသာဃောသာနံ' ဟူသောသုတ်ဖြင့် ဒုတိက္ခရာ**(ဌ)**၏ အသဒိသဒွေဘော် ပထမက္ခရာ**(ဋ)**လာ။

မုဒ္ဓနိဋ္ဌိတော ပြီး၏။

.......................................................................................................................................................

**(၆၈) စတ္တာရိ.ဋ္ဌာနာနိ = (စတ္တာရိ+ဌာနာနိ)** (လေးပါးကုန်သော ဆင်းရဲခြင်း၏အကြောင်းတို့ကို)

**စတ္တာရိဋ္ဌာနာနိ**ကို **(စတ္တာရိ+ဌာနာနိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂေ ဃောသာဃောသာနံ' ဟူသောသုတ်ဖြင့် ဒုတိက္ခရာ**(ဌ)**၏ အသဒိသဒွေဘော် ပထမက္ခရာ**(ဋ)**လာ။

စတ္တာရိဋ္ဌာနာနိ ပြီး၏။

.......................................................................................................................................................

## “သန္ဓိ”စတုတ္ထပိုင်း(၁၂)သုတ်

**အံ← (ံ)** + နောက်**(ဗျည်း)**

## ၃၀။ အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ။

**ဗျဉ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **အံ၊** အံအပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့*နိဂ္ဂဟိတ်ကို အံပြုသောသုတ် ဖြစ်ပါသည်။**

‘အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ’ (ရုပ်တွက်)ပုံစံများ

**(၆၉) တံ.သာဓုတိ = (တံ+သာဓုတိ)** (ထိုစကားကိုကောင်းပြီဟု)

**တံသာဓုတိ**ကို **(တံ+သာဓုတိ)**ဟု ပုဒ်ဖြတ်၍တည်။

-‘အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ’ ဟူသောသုတ်ဖြင့် နောက်**သ**’ဗျည်းနှောင်းသောကြောင့် **တ**’၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို **(အံ)**ပြု။

တံသာဓုတိ ပြီး၏။

.................................................................................................................................

**(၇၀) ဧဝံ.ဝုတ္တေ = (ဧဝံ+ဝုတ္တေ)** (ဤသို့ဆိုအပ်သော်)

**ဧဝံဝုတ္တေ**ကို **(ဧဝံ+ဝုတ္တေ)**ဟု ပုဒ်ဖြတ်၍တည်။

-‘အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ’ ဟူသောသုတ်ဖြင့် နောက်**ဝ**’ဗျည်းနှောင်းသောကြောင့် **ဝ**’၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို **(အံ)**ပြု။

ဧဝံဝုတ္တေ ပြီး၏။

.................................................................................................................................

**ဝဂ္ဂန္တ← (ံ)** + ဝဂ်**(ဗျည်း)**

## ၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။

**ဝဂ္ဂေ၊** ဝဂ်ဗျည်းကြောင့်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **ဝဂ္ဂန္တံ၊** ဝဂ်၏အဆုံးဖြစ်သော **င,ဉ,ဏ,န,မ**-အပြုသို့။ **ဝါ၊** အချို့သဖြင့်။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နောက်ဝဂ်ဗျည်းနှောင်းသောကြောင့် *နိဂ္ဂဟိတ်ကို ဝဂ္ဂန္တဗျည်း(၅)လုံးပြုသောသုတ် ဖြစ်ပါသည်။**

**(၇၁) တ.န္နိစ္စုတံ = (တံ+နိစ္စုတံ)** (ထိုနိဗ္ဗာန်သည် ရွေ့လျော့ပျက်စီးခြင်းမရှိ)

**တန္နိစ္စုတံ**ကို **(တံ+နိစ္စုတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**န**'ဗျည်းနှောင်းသောကြောင့် ရှေ့**တ**'၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''တ''ဝဂ္ဂန္တ **(န်)**ပြု။

တန္နိစ္စုတံ ပြီး၏။

---

**(၇၂) ဓမ္မ.ဉ္စရေ = (ဓမ္မံ+စရေ)** (တရားကိုကျင့်ရာ၏)

**ဓမ္မဉ္စရေ**ကို **(ဓမ္မံ+စရေ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**စ**'ဗျည်းနှောင်းသောကြောင့် ရှေ့**မ္မ**'၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''စ''ဝဂ္ဂန္တ **(ဉ်)**ပြု။

ဓမ္မဉ္စရေ ပြီး၏။

---

**(၇၃) စိရ.မ္ပဝါသိံ = (စိရံ+ပဝါသိံ)** (ကြာမြင့်စွာကွဲကွာနေသော)

**စိရမ္ပဝါသိံ**ကို **(စိရံ+ပဝါသိံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**ပ**'ဗျည်းနှောင်းသောကြောင့် ရှေ့**ရ**'၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''ပ''ဝဂ္ဂန္တ **(မ်)**ပြု။

စိရမ္ပဝါသိံ ပြီး၏။

---

**(၇၄) သန္တ.သန္တသ = (သန္တံ+တသ)** (ထိုရဟန္တာပုဂ္ဂိုလ်၏စိတ်နှလုံးသည် ငြိမ်းအေးသည်)

**သန္တသန္တသ**ကို **(သန္တံ+တသ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**တ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(န္တ)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''တ''ဝဂ္ဂန္တ **(န်)**ပြု။

သန္တသန္တသ ပြီး၏။

---

**(၇၅) တ.င်္ကာရုဏိကံ = (တံ+ကာရုဏိကံ)** (ထိုသူကိုသနားခြင်းရှိသော)

**တင်္ကာရုဏိကံ**ကို **(တံ+ကာရုဏိကံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**က'**ဗျည်းနှောင်းသောကြောင့် ရှေ့**(တ)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''က''ဝဂ္ဂန္တ **(င်)**ပြု။

တင်္ကာရုဏိကံ ပြီး၏။

.........................................................................................................

**(၇၆) ဧဝ.ခေ်ါ = (ဧဝံ+ခေါ)** (ဤသို့သာလျှင်)

**ဧဝခေ်ါ**ကို **(ဧဝံ+ခေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**ခ'**ဗျည်းနှောင်းသောကြောင့် ရှေ့**(ဝ)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''က''ဝဂ္ဂန္တ **(င်)**ပြု။

ဧဝခေ်ါ ပြီး၏။

.........................................................................................................

## ၃၂။ ဧဟေ ဉံ။

ဉ← (ံ)+ ဧ/ဟ

**ဧဟေ၊** ဧ'အက္ခရာ, ဟ'အက္ခရာကြောင့်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **ဉံ၊** ဉ-အပြုသို့။ **ဝါ၊** အချို့သဖြင့်။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နောက်ဧ'အက္ခရာ,ဟ'အက္ခရာနှောင်းသောကြောင့် ရှေ့*နိဂ္ဂဟိတ်ကို (ဉ) ပြုသောသုတ်ဖြစ်ပါသည်။**

"ဧဟေ ဉံ" (ရုပ်တွက်)ပုံစံများ

**(၇၇) ပစ္စတ္တ.ညေဝ = (ပစ္စတ္တံ+ဧဝ)** (အသီးအခြားသာလျှင်)

**ပစ္စတ္တညေဝ**ကို **(ပစ္စတ္တံ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဧဟေ ဉံ' ဟူသောသုတ်ဖြင့် နောက်**ဧ'**အက္ခရာနှောင်းသောကြောင့် ရှေ့**(တ္တ)** အထက်၌ရှိသော နိဂ္ဂဟိတ်**(ံ)**ကို **(ဉ)**ပြု။ (ပစ္စတ္တ+ဉ်+ဧဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **ဉ'**ကို နောက်**(ဧ)'**သို့ကပ်။ (ပစ္စတ္တဉေဝ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် တ္တ'၏မှီရာ **အ'**သရမှ နောက်ဖြစ်သော **ဉ-**၏သဒိသဒွေဘော် **(ည)**ပြု။

ပစ္စတ္တညေဝ ပြီး၏။

.........................................................................................................

**(၇၈) ဧဝ.ဉှိ = (ဧဝံ+ဟိ)** (ဤသို့သာလျှင်)

**ဧဝဉှိ**ကို **(ဧဝံ+ဟိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဧဟေ ဥံ' ဟူသောသုတ်ဖြင့် နောက်**ဟ'**အက္ခရာနှောင်းသောကြောင့် ရှေ့**(ဝ)**အထက်၌ရှိသော နိဂ္ဂဟိတ်**(ံ)**ကို **(ဥ)**ပြု။ (ဧဝ+ဥ်+ဟိ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဥ)**ကို နောက်**(ိ)'**သို့ကပ်။
ဧဝဥှိ ပြီး၏။

................................................................................................................................................................

**(၇၉) တ.ဥှိ = (တံ+ဟိ)** (ထိုစကားသည်လျှင်)

**တဥှိ**ကို **(တံ+ဟိ)**ဟု ပုဒ်ဖြတ်၍တည်။
-'ဧဟေ ဥံ' ဟူသောသုတ်ဖြင့် နောက်**(ဟ)**အက္ခရာနှောင်းသောကြောင့် ရှေ့**(တ)**အထက်၌ရှိသော နိဂ္ဂဟိတ်**(ံ)**ကို **(ဥ)**ပြု။ (တ+ဥ်+ဟိ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဥ)**ကို နောက်**(ိ)'**သို့ကပ်။
တဥှိ ပြီး၏။

................................................................................................................................................................

## ၃၃။ သယေ စ။ ဥ= (ံ)+ ယ

**ယေ စ၊** ယ'အက္ခရာကြောင့်လည်း။ **သ၊** နှောင်းသော(ယ)နှင့်တကွ။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **ဥံ၊** ဥ-အပြုသို့။ **ဝါ၊** အချို့သဖြင့်။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နောက်ယ'အက္ခရာနှောင်းသောကြောင့် ရှေ့*နိဂ္ဂဟိတ်ကို (ယ)အက္ခရာနှင့်တကွ (ဥ) ပြုသောသုတ် ဖြစ်ပါသည်။**

"သယေ စ" (ရုပ်တွက်)ပုံစံများ

**(၈၀) သ.ညောဂေါ= (သံ+ယောဂေါ)** (ယှဉ်ခြင်း)

**သညောဂေါ**ကို **(သံ+ယောဂေါ)**ဟု ပုဒ်ဖြတ်၍တည်။
-'သယေ စ' ဟူသောသုတ်ဖြင့် နောက်**(ယ)**အက္ခရာနှောင်းသောကြောင့် ရှေ့**(သ)**အထက်၌ရှိသော နိဂ္ဂဟိတ်**(ံ)**ကို (ယ)နှင့်တကွ **(ဥ)**ပြု။ (သ+ဥ်+ောဂေါ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဥ)**ကို နောက်**(ော)'**သို့ကပ်။ (သဉောဂေါ)
-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် သ'၏မှီရာ **အ'**သရမှ နောက်ဖြစ်သော **ဥ-**၏သဒိသဒွေဘော် **(ည)**ပြု။
သညောဂေါ ပြီး၏။

**(၈၁) သ.ညုတ္တံ= (သံ+ယုတ္တံ)** (ယှဉ်ခြင်း)

**သညုတ္တံ**ကို **(သံ+ယုတ္တံ)**ဟု ပုဒ်ဖြတ်၍တည်။

-'သယေ စ' ဟူသောသုတ်ဖြင့် နောက်**(ယ)**အက္ခရာနှောင်းသောကြောင့် ရှေ့**(သ)**အထက်၌ရှိသော နိဂ္ဂဟိတ်**(ံ)**ကို (ယ)နှင့်တကွ **(ဉ)**ပြု။ (သ+ဉ်+ုတ္တံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဉ)**ကို နောက်**(ု)**'သို့ကပ်။ (သဉုတ္တံ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် သ'၏မှီရာ **အ**'သရမှ နောက်ဖြစ်သော **ဉ-**၏သဒိသဒွေဘော် **(ည)**ပြု။

သညုတ္တံ ပြီး၏။

---

## ၃၄။ မဒါ သရေ။ 

| မ/ဒ←(ံ)+ သရ |
|---|

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **မဒါ၊** မ'အက္ခရာအပြု, ဒ'အက္ခရာ အပြုတို့သည်။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် နိဂ္ဂဟိတ်ကို (မ)ပြု, (ဒ)ပြုသောသုတ် ဖြစ်ပါသည်။**

<u>"မဒါ သရေ" (ရုပ်တွက်)ပုံစံများ</u>

**(၈၂) တ.မဟံ = (တံ+အဟံ)** (ထိုသူကို(ပြဟ္မဏဟူ၍) ငါဘုရားသည်)

**တမဟံ**ကို **(တံ+အဟံ)**ဟု ပုဒ်ဖြတ်၍တည်။

-'မဒါ သရေ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့**တ**'အထက်၌ရှိသောနိဂ္ဂဟိတ်**(ံ)** ကို **(မ်)**ပြု။ (တ+မ်+အဟံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **မ်**'ကို နောက်**(-)**'သို့ကပ်။

တမဟံ ပြီး၏။

---

**(၈၃) တေ.ဒဝေါစ = (တေံ+အဝေါစ)** (ဤစကားကိုမိန့်ဆိုပြီ)

**တေဒဝေါစ**ကို **(တေံ+အဝေါစ)**ဟု ပုဒ်ဖြတ်၍တည်။

-'မဒါ သရေ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့**တ**'အထက်၌ရှိသောနိဂ္ဂဟိတ်**(ံ)** ကို **(ဒ်)**ပြု။ (တေ+ဒ်+အဝေါစ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **ဒ်**'ကို နောက်**(-)**'သို့ကပ်။

တေဒဝေါစ ပြီး၏။

## ၃၅။ ယ ဝ မ ဒ န တ ရ လာ စာဂမာ။

**ယ,ဝ,မ,ဒ,န,တ,ရ,လ← သရ**

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **ယ ဝ မ ဒ န တ ရ လာ စ၊** ယ ဝ မ ဒ န တ ရ လ-အက္ခရာတို့သည်လည်း ။ **ဝါ၊** အချို့။ **အာဂမာ၊** လာကုန်သည်။ **ဟောန္တိ၊** ဖြစ်ကုန်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ရှေ့၌ (ယ ဝ မ ဒ န တ ရ လ)အက္ခရာများ လာသောသုတ် ဖြစ်ပါသည်။**

'ယ ဝ မ ဒ န တ ရ လာ စာဂမာ" (ရုပ်တွက်)ပုံစံများ

**(၈၄) န.ယိမဿ = (န+ဣမဿ)** (ဤသူအား (အတတ်ပညာသည်)မရှိ)

**နယိမဿ**ကို **(န+ဣမဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့၌ **(ယ်)** အက္ခရာလာ။ (န+ယ်+ဣမဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ယ်)**ကို နောက်**(ိ)**'သို့ကပ်။

နယိမဿ ပြီး၏။

.................................................................................................................................................................

**(၈၅) ယထ.ယိဒံ = (ယထာ+ဣဒံ)** (ဤစိတ်ကဲ့သို့..)

**ယထာယိဒံ**ကို **(ယထာ+ဣဒံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့၌ **(ယ်)** အက္ခရာလာ။ (ယထာ+ယ်+ဣဒံ)

-'နယေ ပရံ ယုတ္တေ'သုတ်ဖြင့် **(ယ်)**ကို နောက်**(ိ)**'သို့ကပ်။ (ယထာ+ယိဒံ)

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အာ**'သရမှ **ထ်-**ဗျည်းကိုခွင်း၊ ထ်'၏ အစိတ် 'အာ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ထ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ယထ်+အာ+ယိဒံ)

-'ရဿံ'သုတ်ဖြင့် နောက်**ယ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**(အာ)**'ဒီဃကို **(အ)**ရဿပြု။

(ယထ်+အ+ယိဒံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ထ်)**ကို နောက်**(အ)**'သို့ကပ်။

ယထယိဒံ ပြီး၏။

.................................................................................................................................................................

**(၈၆) ဝု.ဒိက္ခတိ = (ဥ+ဒိက္ခတိ)** (ကြည့်၏)

**ဝုဒိက္ခတိ**ကို **(ဥ*+ဒိက္ခတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် **(ဥ)**သရကြောင့် ရှေ့၌ **(ဝ်)**အက္ခရာလာ။ (ဝ်+(ု)+ဒိက္ခတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(ု)'**သို့ကပ်။

ဝုဒိက္ခတိ ပြီး၏။

........................................................................................................................................

**(၈၇) လဟု.မေသတိ = (လဟု+ဧသတိ)** (လျှင်မြန်စွာ နိဗ္ဗာန်ထုတ်ချောက် ရောက်ရလတ္တံ့)

**လဟုမေသတိ**ကို **(လဟု+ဧသတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဧ**'သရနှောင်းသောကြောင့် ရှေ့၌ **(မ်)** အက္ခရာလာ။ (လဟု+မ်+ဧသတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(မ်)**ကို နောက်**(ေ-)'**သို့ကပ်။

လဟုမေသတိ ပြီး၏။

........................................................................................................................................

**(၈၈) ဂရု.မေသတိ = (ဂရု+ဧသတိ)** (နှေးကွေးစွာ ရောက်ရလတ္တံ့)

**ဂရုမေသတိ**ကို **(ဂရု+ဧသတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဧ**'သရနှောင်းသောကြောင့် ရှေ့၌ **(မ်)** အက္ခရာလာ။ (လဟု+မ်+ဧသတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(မ်)**ကို နောက်**(ေ-)'**သို့ကပ်။

ဂရုမေသတိ ပြီး၏။

........................................................................................................................................

**(၈၉) ကသာ.မိဝ = (ကသာ+ဣဝ)** (ကြိမ်လုံးမှ ဖဲကြဉ်ရှောင်ခွါ သိလိမ်မာသကဲ့သို့)

**ကသာမိဝ**ကို **(ကသာ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့၌ **(မ်)** အက္ခရာလာ။ (ကသာ+မ်+ဣဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(မ်)**ကို နောက်**(ိ)'**သို့ကပ်။

ကသာမိဝ ပြီး၏။

........................................................................................................................................

**(၉၀) သမ္မ.ဒညာ = (သမ္မာ+အညာ)** (ကောင်းစွာသိ၍)

**သမ္မဒညာ**ကို **(သမ္မာ+အညာ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့၌ **(ဒ်)** အက္ခရာလာ။ (သမ္မာ+ဒ်+အညာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဒ်)**ကို နောက်**(အ)**'သို့ကပ်။ (သမ္မာ+ဒညာ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် ***အာ***'သရမှ **မ္မ်**-ဗျည်းကိုခွင်း၊ မ္မ်'၏ အစိတ် 'အာ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**မ္မ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သမ်္မ+အာ+ဒညာ)

-'ရဿံ' ဟူသောသုတ်ဖြင့် နောက်**ဒ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**(အာ)**'ဒီဃကို **(အ)**ရဿပြု။ (သမ်္မ+အ+ဒညာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**မ္မ်**'ကို နောက်**(-)**'သို့ကပ်။

သမ္မဒညာ ပြီး၏။

..........................................................................................................................................

**(၉၁) မနသာ.ဒညာ = (မနသာ+အညာ)** (စိတ်ဖြင့်သိ၍)

**မနသာဒညာ**ကို **(မနသာ+အညာ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့၌ **(ဒ်)** အက္ခရာလာ။ (မနသာ+ဒ်+အညာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဒ်)**ကို နောက်**(-)**'သို့ကပ်။

မနသာဒညာ ပြီး၏။

..........................................................................................................................................

**(၉၂) အတ္တ.ဒတ္ထ = (အတ္တ+အတ္ထ)** (ကိုယ့်အကျိုးစီးပွား)

**အတ္တဒတ္ထ**ကို **(အတ္တ+အတ္ထ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့၌ **(ဒ်)** အက္ခရာလာ။ (အတ္တ+ဒ်+အတ္ထ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဒ်)**ကို နောက်**(-)**'သို့ကပ်။

အတ္တဒတ္ထ ပြီး၏။

..........................................................................................................................................

**(၉၃) စိရံ့.နာယတိ = (စိရံ+အာယတိ)** (ကြာမြင့်မှလာ၏)

**စိရံနာယတိ**ကို **(စိရံ+အာယတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့၌ **(န်)** အက္ခရာလာ။ (စိရံ+န်+အာယတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(န်)**ကို နောက်**(-ာ)'**သို့ကပ်။

စိရံနာယတိ ပြီး၏။

................................................................................................................................................

**(၉၄) ဣတော.နာယတိ = (ဣတော+အာယတိ)** (ဤအခါမှနောက်ကာလ၌)

**ဣတောနာယတိ**ကို **(ဣတော+အာယတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့၌ **(န်)** အက္ခရာလာ။ (ဣတော+န်+အာယတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(န်)**ကို နောက်**(-ာ)'**သို့ကပ်။

ဣတောနာယတိ ပြီး၏။

................................................................................................................................................

**(၉၅) ယသ္မာ.တိဟ = (ယသ္မာ+ဣဟ)** (အကြင်ကြောင့်ဤသာသနာတော်၌)

**ယသ္မာတိဟ**ကို **(ယသ္မာ+ဣဟ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ့၌ **(တ်)** အက္ခရာလာ။ (ယသ္မာ+တ်+ဣဟ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(တ်)**ကို နောက်**(-ိ)'**သို့ကပ်။

ယသ္မာတိဟ ပြီး၏။

................................................................................................................................................

**(၉၆) တသ္မာ.တိဟ = (တသ္မာ+ဣဟ)** (ထို့ကြောင့်ဤသာသနာတော်၌)

**တသ္မာတိဟ**ကို **(တသ္မာ+ဣဟ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ့၌ **(တ်)** အက္ခရာလာ။ (ယသ္မာ+တ်+ဣဟ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(တ်)**ကို နောက်**(-ိ)'**သို့ကပ်။

တသ္မာတိဟ ပြီး၏။

................................................................................................................................................

**(၉၇) အစ္စ.တဂ္ဂေ = (အစ္စ+အဂ္ဂေ)** (ယနေ့မှစ၍)

**အစ္စတဂ္ဂေ**ကို **(အစ္စ+အဂ္ဂေ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ၌ **(တ်)** အက္ခရာလာ။ (အစ္စ+တ်+အဂ္ဂေ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(တ်)**ကို နောက်**(-)'**သို့ကပ်။

အစ္စတဂ္ဂေ ပြီး၏။

.................................................................................................................................................................

**(၉၈) သဗ္ဗိ.ရေဝ = (သဗ္ဗိ+ဧဝ)** (သူတော်ကောင်းတို့နှင့်သာလျှင်)

**သဗ္ဗိရေဝ**ကို **(သဗ္ဗိ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဧ'**သရနှောင်းသောကြောင့် ရှေ၌ **(ရ်)** အက္ခရာလာ။ (သဗ္ဗိ+ရ်+ဧဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ရ်)**ကို နောက်**(ေ-)'**သို့ကပ်။

သဗ္ဗိရေဝ ပြီး၏။

.................................................................................................................................................................

**(၉၉) အာရဂ္ဂေ.ရိဝ = (အာရဂ္ဂေ+ဣဝ)** (အပ်ဖျား၌မုန်ညင်းစေ့ကဲ့သို့)

**အာရဂ္ဂေရိဝ**ကို **(အာရဂ္ဂေ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ၌ **(ရ်)** အက္ခရာလာ။ (အာရဂ္ဂေ+ရ်+ဣဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ရ်)**ကို နောက်**(ိ)'**သို့ကပ်။

အာရဂ္ဂေရိဝ ပြီး၏။

.................................................................................................................................................................

**(၁၀၀) သာသပေါ.ရိဝ = (သာသပေါ+ဣဝ)** (အပ်ဖျား၌မုန်ညင်းစေ့ကဲ့သို့)

**သာသပေါရိဝ**ကို **(သာသပေါ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ၌ **(ရ်)** အက္ခရာလာ။ (အာရဂ္ဂေ+ရ်+ဣဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ရ်)**ကို နောက်**(ိ)'**သို့ကပ်။

သာသပေါရိဝ ပြီး၏။

.................................................................................................................................................................

**(၁၀၁) ဆ.ဠာဘိညာ = (ဆ+အဘိညာ)** (ခြောက်ပါးသောအဘိညာဉ်တို့)

**ဆဠာဘိညာ**ကို **(ဆ+အဘိညာ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ၌ **(ဠ)** အက္ခရာလာ။ (ဆ+ဠ+အဘိညာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဠ)**ကို နောက်**(-)'**သို့ကပ်။

ဆဠာဘိညာ ပြီး၏။

---

**(၁၀၂) သ.ဠာယတနံ = (ဆ+အာယတနံ)** (ခြောက်ပါးသောအာယတန)

**သဠာယတနံ**ကို **(ဆ+အာယတနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အာ**'သရနှောင်းသောကြောင့် ရှေ၌ **(ဠ)** အက္ခရာလာ။ (ဆ+ဠ+အာယတနံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဠ)**ကို နောက်**(-)'**သို့ကပ်။ ဆဠာယတနံ

-**'သ ဆဿဝါ'**ဟူသောသုတ်ဖြင့် **(ဆ)ကို (သ)**ပြု။

သဠာယတနံ ပြီး၏။

---

<u>ယ ဝ မ ဒ န တ ရ လာ စာဂမာ' သုတ်၌ပါသော **"စ"**သဒ္ဒါ</u>

**(၁၀၃) စိရ.ပ္ပဝါသိံ = (စိရံ+ပဝါသိံ)** (ကြာမြင့်စွာကွဲကွာနေသော)

**စိရပ္ပဝါသိံ**ကို **(စိရံ+ပဝါသိံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**ပ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ရ)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''ပ''ဝဂ္ဂန္တ **(မ်)**ပြု။ (စိရမ္ပဝါသိံ )

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' သုတ်၌ပါသော **"စ"**သဒ္ဒါဖြင့် **(မ)**ကို **(ပ)**ပြု။

စိရပ္ပဝါသိံ ပြီး၏။

---

**(၁၀၄) သ.ဒတ္ထုပသုတော = (သ+ကတ္ထုပသုတော)** (မိမိအကျိုး၌လေ့ကျက်သည်)

**သဒတ္ထုပသုတော**ကို **(သ+ကတ္ထုပသုတော)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ'သုတ်၌ပါသော **"စ"**သဒ္ဒါဖြင့် **(က)**ကို **(ဒ)**ပြု။

သဒတ္ထုပသုတော ပြီး၏။

---

**(၁၀၅) သုဂ.တော = (သုဂဒေါ)** (ကောင်းစွာမိန့်ဆိုတတ်သည်)

**သုဂတော**ကို **(သုဂဒေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ'သုတ်၌ပါသော **"စ"**သဒ္ဒါဖြင့် **(ဒ)**ကို **(တ)**ပြု။

သုဂတော  ပြီး၏။

---

## ၃၆။ ကွစိ ဩ ဗျဥ္ဇနေ။

| |
|---|
| **ဩ←** နောက်**(ဗျည်း)** |

**ဗျဥ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **ကွစိ၊** အချို့သောပြယုဂ်၌။ **ဩ၊** ဩ-လာသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့၌ "ဩ"အက္ခရာ လာသောသုတ် ဖြစ်ပါသည်။**

'ကွစိ ဩ ဗျဥ္ဇနေ' (ရုပ်တွက်)ပုံစံများ

**(၁၀၆) အတိပ္ပ.ဂေါခေါ = (အတိပ္ပ+ခေါ)** (အလွန်စောသေးသည်)

**အတိပ္ပဂေါခေါ**ကို **(အတိပ္ပ+ခေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ဩ ဗျဥ္ဇနေ'သုတ်ဖြင့်  နောက်**ခ**'ဗျည်းနှောင်းသောကြောင့်  **ရှေ့၌ (ဩ)**လာ။ (အတိပ္ပ+ဩ+ခေါ)

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ'သုတ်၌ပါသော **"စ"**သဒ္ဒါဖြင့်  **(ဂ)** အက္ခရာလာ။ (အတိပ္ပ+ဂ်+ဩ+ခေါ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့်  **(ဂ်)**ကို နောက်**(ေ-ာ)'**သို့ကပ်။

အတိပ္ပဂေါခေါ  ပြီး၏။

---

**(၁၀၇) ပရော.သဟဿံ = (ပရ+သဟဿံ)** (တစ်ထောင်ထက်အလွန်)

**ပရောသဟဿံ**ကို **(ပရ+သဟဿံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ဩ ဗျဥ္ဇနေ' ဟူသောသုတ်ဖြင့်  နောက်**သ**'ဗျည်းနှောင်းသောကြောင့်  **ရှေ့၌ (ဩ)**လာ။ (ပရ+ဩ+သဟဿံ)

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ**'သရမှ **ရ်**'ဗျည်းကိုခွဲ၊ ရ်'၏အစိတ် အ'ကြွင်းစေ၊  ခွဲအပ်ပြီးသော,သရကင်းသော**ရ်**'ဗျည်းကို  ရှေ့ဟုဆိုအပ်သော  အောက်၌  အစဉ် မပျက်ထား။ (ပရ်+အ+ဩ+သဟဿံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဩ**'သရနှောင်းသောကြောင့် ရှေ့**အ**'သရကိုချေ။ (ပရ်+ဩ+သဟဿံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့်  **(ရ်)**ကို နောက်**(ေ-ာ)'**သို့ကပ်။  ပရောသဟဿံ  ပြီး၏။

## ၃၇။ နိဂ္ဂဟီတဋ္ဌ။

| (ံ)လာ← နောက်(သရ)/(ဗျည်း) |
|---|

**သရေ ဝါ၊** သရကြောင့်လည်းကောင်း။ **ဗျဉ္စနေ ဝါ၊** ဗျည်းကြောင့်လည်းကောင်း။ **ကွစိ၊** အချို့အရာ၌။ **နိဂ္ဂဟီတဋ္ဌ၊** နိဂ္ဂဟိတ်လာသည်လည်း။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရ(သို့မဟုတ်)ဗျည်းနှောင်းသောကြောင့် ရှေ့၌ နိဂ္ဂဟိတ်(ံ) လာသောသုတ် ဖြစ်ပါသည်။**

'နိဂ္ဂဟီတဋ္ဌ' (ရုပ်တွက်)ပုံစံများ

**(၁၀၈) စက္ခုံ.ဥဒပါဒိ = (စက္ခု+ဥဒပါဒိ)** (ပညာမျက်စိသည်ထင်ရှားဖြစ်လာပြီ)

**စက္ခုံဥဒပါဒိ**ကို **(စက္ခု+ဥဒပါဒိ)**ဟု ပုဒ်ဖြတ်၍တည်။

-'နိဂ္ဂဟီတဋ္ဌ' ဟူသောသုတ်ဖြင့် နောက်**ဥ**'သရနှောင်းသောကြောင့် **ရှေ့(က္ခု)**အထက်၌ **(ံ)**လာ။ စက္ခုံဥဒပါဒိ ပြီး၏။

........................................................................................................................................

**(၁၀၉) အဝံ.သိရော = (အဝ+သိရော)** (အောက်သို့ညွတ်သောဦးခေါင်းရှိ၏)

**အဝံသိရော**ကို **(အဝ+သိရော)**ဟု ပုဒ်ဖြတ်၍တည်။

-'နိဂ္ဂဟီတဋ္ဌ' ဟူသောသုတ်ဖြင့် နောက်**သ**'ဗျည်းနှောင်းသောကြောင့် **ရှေ့(ဝ)**အထက်၌ **(ံ)**လာ။ အဝံသိရော ပြီး၏။

........................................................................................................................................

*****(၁၁၀) ယာဝံ.ဠိစ = (ယာဝ+စ+ဣဓ)** (အလွန်အကြသာလျှင်ဤသာသနာရတရားတို့၌..)

**ယာဝဥ္စိဓ**ကို **(ယာဝ+စ+ဣဓ)**ဟု ပုဒ်ဖြတ်၍တည်။

-'နိဂ္ဂဟီတဋ္ဌ' ဟူသောသုတ်ဖြင့် နောက်**စ**'ဗျည်းနှောင်းသောကြောင့် **ရှေ့(ဝ)**အထက်၌ **(ံ)**လာ။ (ယာဝံ+စ+ဣဓ)

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ**'သရမှ **စ်**'ဗျည်းကိုခွင်း၊ စ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**စ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ယာဝံ+စ်+အ+ဣဓ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့**အ**'သရကိုချေ။ (ယာဝံ+စ်+ဣဓ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(စ်)**ကို နောက်**(ိ)**'သို့ကပ်။ (ယာဝံ+စိဓ)

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**စ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ဝ)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''စ''ဝဂ္ဂန္တ **(ဉ်)**ပြု။ (ယာဝ+ဉ်+စိဓ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဉ်)**ကို နောက်**(စိ)**'သို့ကပ်။
ယာဝဉ္စိဓ ပြီး၏။

........................................................................................................................................................

**(၁၁၁) ပုရိမံ.ဇာတိံ = (ပုရိမ+ဇာတိံ)** (ရှေ့ဘဝကို..)

**ပုရိမံဇာတိံ**ကို **(ပုရိမ+ဇာတိံ)**ဟု ပုဒ်ဖြတ်၍တည်။
-'နိဂ္ဂဟီတဉ္စ' ဟူသောသုတ်ဖြင့် နောက်**ဇ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(မ)**အထက်၌ **(ံ)**လာ။
ပုရိမံဇာတိံ ပြီး၏။

........................................................................................................................................................

**(၁၁၂) အဏုံ.ထူလာနိ = (အဏု+ထူလာနိ)** (ငယ်ငယ်,ကြီးကြီးဖြစ်ကုန်သော)

**အဏုံထူလာနိ**ကို **(အဏု+ထူလာနိ)**ဟု ပုဒ်ဖြတ်၍တည်။
-'နိဂ္ဂဟီတဉ္စ' ဟူသောသုတ်ဖြင့် နောက်**ထ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ဏ)**အထက်၌ **(ံ)**လာ။
အဏုံထူလာနိ ပြီး၏။

........................................................................................................................................................

**(၁၁၃) မနောပုဗ္ဗ.င်္ဂမာ = (မနောပုဗ္ဗ+ဂမာ)** (ဝိညာဏက္ခန္ဓာလျှင်ပြဋ္ဌာန်းခြင်းရှိကုန်၏)

**မနောပုဗ္ဗင်္ဂမာ**ကို **(မနောပုဗ္ဗ+ဂမာ)**ဟု ပုဒ်ဖြတ်၍တည်။
-'နိဂ္ဂဟီတဉ္စ' ဟူသောသုတ်ဖြင့် နောက်**ဂ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ဗ္ဗ)**အထက်၌ **(ံ)**လာ။
(မနောပုဗ္ဗံ+ဂမာ)
-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**ဂ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(ဗ္ဗ)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''က''ဝဂ္ဂန္တ **(င်)**ပြု။
မနောပုဗ္ဗင်္ဂမာ ပြီး၏။

........................................................................................................................................................

<u>'နိဂ္ဂဟီတဉ္စ'သုတ်၌ပါသော "စ"သဒ္ဒါ (ရုပ်တွက်)ပုံစံများ</u>

*****(၁၁၄) ပ.စေဿတိ = (ဝိ+စေဿတိ)** (ရွေးချယ်နိုင်လတ္တံ့)

**ပစေဿတိ**ကို **(ဝိစေဿတိ)**ဟု ပုဒ်ဖြတ်၍တည်။
-'နိဂ္ဂဟီတဉ္စ'သုတ်၌ ပါသော**(စ)-**သဒ္ဒါဖြင့် **(ဝိ)**ကို "ပ"-ပြု။
ပစေဿတိ ပြီး၏။

## ၃၈။ ကွစိ လောပံ။

| (ံ)ချေX+နောက် (သရ) |
|---|

**သရေ၊** နောက်သရကြောင့်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **ကွစိ၊** အချို့အရာ၌။ **လောပံ၊** ကျေပျောက်ခြင်းသို့။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ရှေ့နိဂ္ဂဟိတ်(ံ)ကို ချေသောသုတ် ဖြစ်ပါသည်။**

'ကွစိ လောပံ'သုတ် (ရုပ်တွက်)ပုံစံများ

**(၁၁၅) တာ.သာဟံ = (တာသံ+အဟံ)** (ငါသည်ထိုရဟန်းမိန်းမတို့၏)

**တာသာဟံ**ကို **(တာသံ+အဟံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့ **(သ)**အထက်၌ရှိသော**(ံ)** ချေ။ (တာသ+အဟံ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **သ်'**ဗျည်းကိုခွင်း၊ သ်'၏ အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (တာသ်+အ+အဟံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (တာသ+အဟံ)

-'ဒုတိယပိုင်းဒီဃံ'သုတ်ဖြင့် ရှေ့**အ'**သရကျေပြီးသည်ရှိသော် နောက်**အ'**ရဿကို **(အာ)ဒီဃ**ပြု။ (တာသ်+အာဟံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(သ်)**ကို နောက်**(-ာ)'**သို့ကပ်။
တာသာဟံ ပြီး၏။

---

**(၁၁၆) ဝိဒူန.ဂ္ဂ.မိတိ = (ဝိဒူနံ+အဂ္ဂံ+ဣတိ)** (ပညာရှိတို့၏ထက်မြက်၏ဟူ၍)

**ဝိဒူနဂ္ဂမိတိ**ကို **(ဝိဒူနံ+အဂ္ဂံ+ဣတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**(န)**အထက်၌ရှိသော **(ံ)**ချေ။ (ဝိဒူန+အဂ္ဂံ+ဣတိ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **န်'**ဗျည်းကိုခွင်း၊ န်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ဝိဒူန်+အ+အဂ္ဂံ+ဣတိ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့**အ**'သရကိုချေ။
(ဝိဒူန်+အဂ္ဂံ+ဣတိ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(န်)**ကို နောက်**(အ)**'သို့ကပ်။ (ဝိဒူနဂ္ဂံ+ဣတိ)
-'မဒါ သရေ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့**(ဂ္ဂ)**အထက်၌ရှိသော နိဂ္ဂဟိတ်
**(ံ)**ကို **(မ်)**ပြု။ (ဝိဒူနဂ္ဂ+မ်+ဣတိ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(မ်)**ကို နောက်**(ိ)**သို့ကပ်။
ဝိဒူနဂ္ဂမိတိ ပြီး၏။

.............................................................................................................................

## ၃၉။ ဗျဉ္ဇနေ စ။

**(ံ)ချေX+**နောက် (ဗျည်း)

**ဗျဉ္ဇနေ စ၊** နောက်ဗျည်းကြောင့်။ **နိဂ္ဂဟီတံ၊** နိဂ္ဂဟိတ်သည်။ **ကွစိ၊** အချို့အရာ၌။ **လောပံ၊** ကျေပျောက်ခြင်းသို့။ **ပပ္ပေါတိ၊** ရောက်၏။

***ဤ'ဗျဉ္ဇနေ စ'သုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့နိဂ္ဂဟိတ်(ံ)ကို ချေသောသုတ် ဖြစ်ပါသည်။**

<u>'ဗျဉ္ဇနေ စ' (ရုပ်တွက်)ပုံစံများ</u>

**(၁၁၇) အရိယသစ္စာန.ဒဿနံ = (အရိယသစ္စာနံ+ဒဿနံ)** (အရိယသစ္စာတို့ကိုသိမြင်ရခြင်း)

**အရိယသစ္စာနဒဿနံ**ကို **(အရိယသစ္စာနံ+ဒဿနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဗျဉ္ဇနေ စ' ဟူသောသုတ်ဖြင့် နောက်**ဒ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(န)**အထက်၌ရှိသော **(ံ)**ချေ။
အရိယသစ္စာနဒဿနံ ပြီး၏။

.............................................................................................................................

**(၁၁၈) ဧတံ ဗုဒ္ဓါနသာသနံ = (ဧတံ ဗုဒ္ဓါနံ+သာသနံ)** (ဤသည်တို့ကား ဘုရားရှင်တို့၏အဆုံးအမ..)

**ဧတံ ဗုဒ္ဓါနသာသနံ**ကို **(ဧတံ ဗုဒ္ဓါနံ+သာသနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဗျဉ္ဇနေ စ' ဟူသောသုတ်ဖြင့် နောက်**သ**'ဗျည်းနှောင်းသောကြောင့် ရှေ့**(န)**အထက်၌ရှိသော **(ံ)**ချေ။
ဧတံ ဗုဒ္ဓါနသာသနံ ပြီး၏။

.............................................................................................................................

## ၄၀။ ပရော ဝါ သရော။

(ံ)+နောက် (သရ)ချေX

**နိဂ္ဂဟီတမှာ၊** နိဂ္ဂဟိတ်မှ။ **ပရော၊** နောက်ဖြစ်သော။ **သရော၊** သရသည်။ **ဝါ၊** အချို့အရာ၌။ **လောပံ၊** ကျေပျောက်ခြင်းသို့။ **ပပ္ပေါတိ၊** ရောက်၏။

***ဤသုတ်သည် နိဂ္ဂဟိတ်နောက်၌ရှိသော (သရ)ကို ချေသောသုတ် ဖြစ်ပါသည်။**

'ပရော ဝါ သရော' (ရုပ်တွက်)ပုံစံများ

**(၁၁၉) အဘိနန္ဒုံ.တ္တိ = (အဘိနန္ဒုံ+ဣတိ)** (အလွန်နှစ်သက်ကုန်ပြီ)

**အဘိနန္ဒုံတ္တိ**ကို **(အဘိနန္ဒုံ+ဣတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(န္ဒုံ)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော**(ိ)သရ**ချေ။

(အဘိနန္ဒုံ+တိ)

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' ဟူသောသုတ်ဖြင့် နောက်**တ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**(န္ဒု)**၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို ''တ''ဝဂ္ဂန္တ **(န်)**ပြု။ (အဘိနန္ဒု+န်+တိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(န်)**ကို နောက်**(တိ)**'သို့ကပ်။

အဘိနန္ဒုန္တိ ပြီး၏။

---

**(၁၂၀) ဥတ္တတ္တံ.ဝ = (ဥတ္တတ္တံ+ဣဝ)** (လျော်ပြီးဦးပြီးသောရွှေကဲ့သို့)

**ဥတ္တတ္တံဝ**ကို **(ဥတ္တတ္တံ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(တ္တ)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော**(ိ)သရ**ချေ။

ဥတ္တတ္တံဝ ပြီး၏။

---

**(၁၂၁) ယထာဗီဇံ.ဝ = (ယထာဗီဇံ+ဣဝ)** (အကြင်အကြင်မျိုးစေ့ကဲ့သို့)

**ယထာဗီဇံဝ**ကို **(ယထာဗီဇံ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(ဇ)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော**(ိ)သရ**ချေ။

ယထာဗီဇံဝ ပြီး၏။

---

**(၁၂၂) ယထာဓေညံ.ဝ = (ယထာဓေညံ+ဣဝ)** (အကြင်အကြင်စပါးကဲ့သို့)

**ယထာဓေညံဝ**ကို **(ယထာဓေညံ+ဣဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(ည)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော**(ိ)သရ**ချေ။
ယထာဓေဗ္ဗံဝ ပြီး၏။

................................................................................................................................................................

'ပရော ဝါ သရော'သုတ် "ဝါ"-သဒ္ဒါ၏တားမြစ်ချက် (ရုပ်တွက်)ပုံစံ

***(၁၂၃) အဟ.မေဝ = (အဟံ+ဧဝ)**

**အဟမေဝ**ကို **(အဟံ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(ဟ)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော **(ဧ)**သရကို ချေသင့်သော်လည်း၊ **ဝါ-**သဒ္ဒါ၏တားမြစ်ချက်ကြောင့် မချေရ။ (အဟံ+ဧဝ)

-'မဒါ သရေ' ဟူသောသုတ်ဖြင့် နောက်**(ဧ)**သရနှောင်းသောကြောင့် ရှေ့**(ဟ)**အထက်၌ရှိသော နိဂ္ဂဟိတ် **(ံ)**ကို **(မ်)**ပြု။ (အဟ+မ်+ဧဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(မ်)**ကို နောက်**(ေ-)**'သို့ကပ်။

အဟမေဝ ပြီး၏။

................................................................................................................................................................

## ၄၁။ ဗျဉ္ဇနော စ ဝိသညောဂေါ ။

(ံ)+**(သရ)ချေပြီး၊** သံယုဂ်ဗျည်း→**ဝိသံယုဂ်ဗျည်း**

**နိဂ္ဂဟီတမှာ၊** နိဂ္ဂဟိတ်မှ။ **ပရသ္မိံ၊** နောက်ဖြစ်သော။ **သရေ၊** သရသည်။ **လုတ္တေ၊** ကျေပြီးသည်ရှိသော်။ **ဗျဉ္ဇနော စ၊** သံယုဂ်ဗျည်းသည်လည်း။ **ဝိသညောဂေါ၊** ဝိသညောဂဗျည်းအပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နိဂ္ဂဟိတ်နောက်၌ရှိသော (သရ)ကျေပြီးလျှင် သသညောဂဗျည်းကို ဝိသညောဂဗျည်း ပြုသောသုတ် ဖြစ်ပါသည်။**

သသညောဂဗျည်း=သံယုဂ်ရှိသောဗျည်း

ဝိသညောဂဗျည်း=သံယုဂ်ကင်းသော(မရှိသော)ဗျည်း

'ဗျဉ္ဇနော စ ဝိသညောဂေါ' (ရုပ်တွက်)ပုံစံများ

**(၁၂၄) ဧဝံ.သ = (ဧဝံ+အဿ)** (ဤသို့ထိုပုဂ္ဂိုလ်အား)

**ဧဝံသ**ကို **(ဧဝံ+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(ဝ)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော**(အ)သရ**ချေ။
(ဧဝံ+ဿ)

-'ဗျဉ္ဇနော စ ဝိသညောဂေါ' ဟူသောသုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော **(အ)**သရကိုချေပြီးသည်ရှိသော် ''သသညောဂ**(ဿ)**ကို ဝိသညောဂ **(သ)**ပြု။ ဧဝံသ ပြီး၏။

**(၁၂၅) ပုပ္ဖံ့.သာ = (ပုပ္ဖံ့+အဿာ)** (ထိုမိန်းမအားဥတုပန်းသည်)

**ပုပ္ဖံ့သာ**ကို **(ပုပ္ဖံ့+အဿာ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရော ဝါ သရော' ဟူသောသုတ်ဖြင့် **(ပ္ဖ)**အထက်ရှိနိဂ္ဂဟိတ်မှ နောက်ဖြစ်သော**(အ)သရ**ချေ။ (ပုပ္ဖံ့+ဿာ)

-'ဗျဉ္ဇနေ စ ဝိသညောဂေါ'ဟူသောသုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော **(အ)**သရကိုချေပြီးသည် ရှိသော် သသညောဂ**(ဿ)**ကို ဝိသညောဂ **(သ)**ပြု။

ပုပ္ဖံ့သာ ပြီး၏။

.................................................................................................................................................................

'ဗျဉ္ဇနေ စ ဝိသညောဂေါ'သုတ်၌ပါသော "စ"-သဒ္ဒါ ရုပ်တွက်ပုံစံ

**(၁၂၆) အဂ္ဂျာ.ဂါရံ = (အဂ္ဂိ+အာဂါရံ)** (မီးတင်းကုပ်)

**အဂ္ဂျာဂါရံ**ကို **(အဂ္ဂိ+အာဂါရံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **ဂ္ဂ်'**ဗျည်းကိုခွင်း၊ ဂ္ဂ်'၏ အစိတ် ဣ-ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဂ္ဂ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက် ထား။ (အဂ္ဂ်+ဣ+အာဂါရံ)

-'ဣဝဏ္ဏော ယံ နဝါ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့**ဣ**'သရကို(ျ)ပြု။ (အဂ္ဂ်+ယ်+အာဂါရံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော **(ယ်)**ကို နောက်**အာ**သို့ကပ်၊ **ဂ္ဂ်**ကိုလည်း**(-ျာ)** သို့ကပ်။ (အဂ္ဂျာဂါရံ)

-'ဗျဉ္ဇနေ စ ဝိသညောဂေါ' သုတ်၌ပါသော **စ-**သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူရာအစ **(ဂ)** ဗျည်းတစ်လုံးကိုချေ။

အဂျာဂါရံ ပြီး၏။

.................................................................................................................................................................

**(၁၂၇) ဝုတျ.ဿ = (ဝုတ္တိ+အဿ)** (အသက်မွေးခြင်းသည်ဖြစ်ရာ၏)

**ဝုတျဿ**ကို **(ဝုတ္တိ+အဿ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **တ္တ်'**ဗျည်းကိုခွင်း၊ တ္တ်'၏အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ္တ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက်ထား။ (ဝုတ္တ်+ဣ+အဿ)

-'ဣဝဏ္ဏော ယံ နဝါ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**ဣ**'သရကို(ျ)ပြု။

(ဝုတ္တ်+ၪ+အဿ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော **(ၪ)**ကို နောက်**အ**သို့ကပ်၊ **တ္တ်**ကိုလည်း **ယ**သို့ကပ်။

(ဝုတ္တျဿ)

-'ဗျဉ္ဇနေ စ ဝိသညောဂေါ' ဟူသောသုတ်၌ပါသော **စ**-သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူရာအစ **(တ)** ဗျည်းတစ်လုံးကိုချေ။

ဝုတျဿ ပြီး၏။

---

## "သန္ဓိ"ပဉ္စမပိုင်း(၁၀)သုတ်

### ၄၂။ ဂေါ သရေ ပုထဿာဂမော ကွစိ။

| ပုထ .(ဂ)လာ + နောက်**(သရ)** |
|---|

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **ပုထဿ၊** ပုထနိပါတ်ပုဒ်၏။ **အန္တေ၊** အဆုံး၌။ **ကွစိ၊** အချို့သော ပြယုဂ်တို့၌။ **ဂေါ၊** "ဂ"အက္ခရာသည်။ **အာဂမော၊** လာသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ပုထနိပါတ်ပုဒ်၏အဆုံး၌ (ဂ)အက္ခရာလာသောသုတ် ဖြစ်ပါသည်။**

'ဂေါ သရေ ပုထဿာဂမော ကွစိ' (ရုပ်တွက်)ပုံစံ

**(၁၂၈) ပုထ.ဂေဝ = (ပုထ+ဧဝ)** (အရိယာတို့မှအသီးအခြား)

**ပုထဂေဝ**ကို **(ပုထ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဂေါ သရေ ပုဿာဂမော ကွစိ' ဟူသောသုတ်ဖြင့် နောက်**ဧ**'သရနှောင်းသောကြောင့် ပုထနိပါတ်ပုဒ်၏ အဆုံး၌ **(ဂ)**အက္ခရာလာ။ (ပုထ+ဂ်+ဧဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဂ်**'ဗျည်းကို နောက်**(ဧ)**သို့ကပ်။

ပုထဂေဝ ပြီး၏။

---

### ၄၃။ ပါဿ စန္တော ရဿော။

| ပါ+သရ |
|---|
| **အ←(အာ)** **(ဂ)**လာ |

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **ပါဿ၊** ပါနိပါတ်ပုဒ်၏။ **အန္တေ၊** အဆုံး၌။ **ကွစိ၊** အချို့သော ပြယုဂ်တို့၌။ **ဂေါ၊** "ဂ"အက္ခရာသည်။ **အာဂမော၊** လာသည်။ **ဟောတိ၊** ဖြစ်၏။ **အန္တော စ၊** ပါ-၏အဆုံး **(အာ)**သရသည်လည်း။ **ရဿော၊** ရဿအပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် ပါနိပါတ်ပုဒ်၏အဆုံး၌ (ဂ)အက္ခရာလာ၍၊ ပါ'၏ အစိတ်(အာ)ကိုလည်း (အ)ရဿပြုသောသုတ် ဖြစ်ပါသည်။**

'ပါဿ စန္တော ရဿော' (ရုပ်တွက်)ပုံစံ

**(၁၂၉) ပ.ဂေဝ = (ပါ+ဧဝ)** (အရိယာတို့မှအသီးအခြား)

**ပါဂေဝ**ကို **(ပါ+ဧဝ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပါဿ စန္တော ရဿော' ဟူသောသုတ်ဖြင့် နောက်**ဧ**'သရနှောင်းသောကြောင့် ပါနိပါတ်ပုဒ်၏အဆုံး၌ **(ဂ)**အက္ခရာလာ၍၊ ပါ-**နိပါတ်ပုဒ်၏အဆုံး(အာ)**ကိုလည်း **(အ)**ရဿပြု**။** (ပ+ဂ်+ဧဝ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဂ်**'ဗျည်းကို နောက်**ဧ**'သို့ကပ်။

ပဂေဝ ပြီး၏။

.......................................................................................................................................................

## ၄၄။ အဗ္ဘော အဘိ။

**အဗ္ဘ←(အဘိ)** +သရ

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **အဘိ၊** အဘိ ဥပသာရပုဒ်၏။ **အဗ္ဘော၊** အဗ္ဘ အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် အဘိဥပသာရပုဒ်ကို (အဗ္ဘ)ပြုသောသုတ် ဖြစ်ပါသည်။**

'အဗ္ဘော အဘိ' (ရုပ်တွက်)ပုံစံများ

**(၁၃၀) အဗ္ဘု.ဒီရိတံ = (အဘိ+ဥဒီရိတံ)** (အလွန်ဆိုအပ်သည်)

**အဗ္ဘုဒီရိတံ**ကို **(အဘိ+ဥဒီရိတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'အဗ္ဘော အဘိ' ဟူသောသုတ်ဖြင့် နောက်**ဥ**'သရနှောင်းသောကြောင့် အဘိ'ဥပသာရပုဒ်ကို **(အဗ္ဘ)**ပြု**။** (အဗ္ဘ+ဥဒီရိတံ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ**'သရမှ **ဗ္ဘ်**'ဗျည်းကိုခွင်း၊ ဗ္ဘ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဗ္ဘ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အဗ္ဘ်+အ+ဥဒီရိတံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဥ**'သရနှောင်းသောကြောင့် ရှေ့**အ**'သရကိုချေ။ (အဗ္ဘ်+ဥဒီရိတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဗ္ဘ်**'ဗျည်းကို နောက်**ဥ**'သို့ကပ်။

အဗ္ဘုဒီရိတံ ပြီး၏။

**(၁၃၁) အဗ္ဘု.ဂ္ဂစ္ဆတိ = (အဘိ+ဥဂ္ဂစ္ဆတိ)** (ပျံ့နှံ့၍တက်၏)

**အဗ္ဘုဂ္ဂစ္ဆတိ**ကို **(အဘိ+ဥဂ္ဂစ္ဆတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'အဗ္ဘော အဘိ' ဟူသောသုတ်ဖြင့် နောက်**ဥ'**သရနှောင်းသောကြောင့် အဘိ'ဥပသာရပုဒ်ကို **(အဗ္ဘ)**ပြု။ (အဗ္ဘ+ဥဂ္ဂစ္ဆတိ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ဗ္ဘ်'**ဗျည်းကိုခွင်း၊ ဗ္ဘ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဗ္ဘ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အဗ္ဘ်+အ+ဥဂ္ဂစ္ဆတိ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဥ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (အဗ္ဘ်+ဥဂ္ဂစ္ဆတိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဗ္ဘ်'**ဗျည်းကို နောက်**ဥ'**သို့ကပ်။

အဗ္ဘုဂ္ဂစ္ဆတိ ပြီး၏။

.................................................................................................................................................

## ၄၅။ အဇ္ဈော အဓိ။

**အဇ္ဈ←(အဓိ)** +သရ

**သရေ၊** နောက်သရနှောင်းသောကြောင့်။ **အဓိ၊** အဓိ ဥပသာရပုဒ်၏။ **အဇ္ဈော၊** အဇ္ဈ အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရနှောင်းသောကြောင့် အဓိဥပသာရပုဒ်ကို (အဇ္ဈ)ပြုသောသုတ် ဖြစ်ပါသည်။**

'အဇ္ဈော အဓိ' (ရုပ်တွက်)ပုံစံများ

**(၁၃၂) အဇ္ဈော.ကာသေ = (အဓိ+ဩကာသေ)** (လွင်တီးခေါင်၌)

**အဇ္ဈောကာသေ**ကို **(အဓိ+ဩကာသေ)**ဟု ပုဒ်ဖြတ်၍တည်။

-'အဇ္ဈော အဓိ' ဟူသောသုတ်ဖြင့် နောက်**ဩ'**သရနှောင်းသောကြောင့် အဓိ'ဥပသာရပုဒ်ကို **(အဇ္ဈ)**ပြု။ (အဇ္ဈ+ဩကာသေ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ဇ္ဈ်'**ဗျည်းကိုခွင်း၊ ဇ္ဈ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဇ္ဈ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အဇ္ဈ်+အ+ဩကာသေ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဩ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (အဇ္ဈ်+ဩကာသေ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ၛ**'ဗျည်းကို နောက်**ဩ**'သို့ကပ်။
အဇ္ဈောကာသေ ပြီး၏။

........................................................................................................................................................

**(၁၃၃) အဇ္ဈာ.ဂမာ = (အဓိ+အာဂမာ)** (လွန်စွာလာပြီ)

**အဇ္ဈာဂမာ**ကို **(အဓိ+အာဂမာ)**ဟု ပုဒ်ဖြတ်၍တည်။

-'အဇ္ဈော အဓိ' ဟူသောသုတ်ဖြင့် နောက်**အာ**'သရနှောင်းသောကြောင့် အဓိ' ဥပသာရပုဒ်ကို **(အဇ္ဈ)**ပြု။ (အဇ္ဈ+အာဂမာ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ**'သရမှ **ၛ**'ဗျည်းကိုခွင်း၊ ၛ'၏ အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ၛ**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (အဇ္ဈ+အ+အာဂမာ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အာ**'သရနှောင်းသောကြောင့် ရှေ့**အ**'သရကိုချေ။ (အဇ္ဈ+အာဂမာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ၛ**'ဗျည်းကို နောက်**အာ**သို့ကပ်။
အဇ္ဈာဂမာ ပြီး၏။

........................................................................................................................................................

| |
|---|
| **အဗ္ဘ(X)←** အဘိ +**(က္လ)ဝဏ်** |
| **အဇ္ဈ(X)←** အဓိ +**(က္လ)ဝဏ်** |

## ၄၆။ တေ န ဝါ က္လဝဏ္ဏေ။

**က္လဝဏ္ဏေ၊** က္လ-ဝဏ်ကြောင့်။ **တေ၊** ထိုအဘိ,ထိုအဓိ ဥပသာရပုဒ်၏။ **အဗ္ဘ, အဇ္ဈ၊** အဗ္ဘ,အဇ္ဈ အပြုတို့သည်။ **ဝါ၊** အချို့အရာ၌။ **န ဟောတိ၊** မဖြစ်ကုန်။

***ဤသုတ်သည် နောက်(က္လဝဏ်)နှောင်းလျှင် အဘိ-ကို(အဗ္ဘ) အဓိ-ကို(အဇ္ဈ)ပြုခြင်းတို့ကို တားမြစ် သော ပဋိသေဓသုတ် ဖြစ်ပါသည်။**

'တေ န ဝါ က္လဝဏ္ဏေ' (ရုပ်တွက်)ပုံစံများ

**(၁၃၄) အဘိ.က္ကိတံ = (အဘိ+က္လိတံ)** (အလွန်အလိုရှိအပ်)

**အဘိက္ကိတံ**ကို **(အဘိ+က္လိတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'အဗ္ဘော အဘိ'သုတ်ဖြင့် နောက်**က္လ**'သရနှောင်းသောကြောင့် အဘိ' ဥပသာရပုဒ်ကို **(အဗ္ဘ)**ပြုသင့်သော်လည်း၊ **"တေ န ဝါ က္လဝဏ္ဏေ"**သုတ်က တားမြစ်သောကြောင့် မပြုရပါ။ (အဘိ+က္လိတံ)

-'ပုဗ္ဗမဓောဝ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **ဘ်'**ဗျည်းကိုခွင်း၊ ဘ်'၏ အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဘ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အဘ်+ဣ+ဣစ္ဆိတံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဣ'**သရနှောင်းသောကြောင့် ရှေ့**ဣ'**သရကိုချေ။ (အဘ်+ဣစ္ဆိတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဘ်'**ဗျည်းကို နောက်**ဣ'**သို့ကပ်။

အဘိစ္ဆိတံ ပြီး၏။

.................................................................................................................................................................

**(၁၃၅) အဓီ.ရိတံ = (အဓိ+ဤရိတံ)** (အလွန်ဆိုအပ်၏)

**အဓီရိတံ**ကို **(အဓိ+ဤရိတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'အဇ္ဈော အဓိ' ဟူသောသုတ်ဖြင့် နောက်**ဤ'**သရနှောင်းသောကြောင့် အဓိ'ဥပသာရပုဒ်ကို **(အဇ္ဈ)**ပြု ပြုသင့် သော်လည်း၊ **"တေ န ဝါ ဣဝဏ္ဏေ"**သုတ်က တားမြစ်သောကြောင့် မပြုရပါ။ (အဓိ+ဤရိတံ)

-'ပုဗ္ဗမဓောဝ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **ဓ်'**ဗျည်းကိုခွင်း၊ ဓ်'၏အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဓ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (အဓ်+ဣ+ဤရိတံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဤ'**သရနှောင်းသောကြောင့် ရှေ့**ဣ'**သရကိုချေ။ (အဓ်+ဤရိတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဓ်'**ဗျည်းကို နောက်**(ီ)**သို့ကပ်။

အဓီရိတံ ပြီး၏။

.................................................................................................................................................................

## ၄၇။ အတိဿ စန္တဿ။

| **စ(X)←** တိ +**(ဣ)ဝဏ်** |
|---|

**ဣဝဏ္ဏေ၊** ဣ-ဝဏ်ကြောင့်။ **အတိဿ စ၊** အတိ-ဥပသာရပုဒ်၌လည်း။ **အန္တဿ၊** အဆုံး တိ'-သဒ္ဒါ၏။ **တံ၊** ထို သဗ္ဗော စံ တိ'သုတ်၌ ဆိုအပ်ပြီးသော **(စ)**အပြုသည်။ **န ဟောတိ၊** မဖြစ်။

***ဤသုတ်သည် နောက်(ဣဝဏ်)နှောင်းလျှင် အတိ-သဒ္ဒါ၏အဆုံးဖြစ်သော တိ'-ကို သဗ္ဗော စံ တိ သုတ်ဖြင့် (စ)ပြုခြင်းတို့ကို တားမြစ် သော ပဋိသေဓသုတ် ဖြစ်ပါသည်။**

'အတိဿ စန္တဿ' (ရုပ်တွက်)ပုံစံများ

**(၁၃၆) အတီ.သိဂဏော = (အတိ+ဣသိဂဏော)** (အလွန်များသောရသေ့အပေါင်း)

**အတီသိဂဏော**ကို **(အတိ+ဣသိဂဏော)**ဟု ပုဒ်ဖြတ်၍တည်။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် အတိ'သဒ္ဒါ၏ တိကို **(စ)**ပြုသင့်သော်လည်း၊ **'အတိဿ စန္တဿ'**သုတ်က တားမြစ်သောကြောင့် မပြုရ။ (အတိ+ဣသိဂဏော)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှ **တ်**'ဗျည်းကိုခွင်း၊ တ်'၏ အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (အတ်+ဣ+ဣသိဂဏော)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့**ဣ**'သရကိုချေ။
(အတ်+ဣသိဂဏော)

-'ဒုတိပိုင်းဒီဃံ'သုတ်ဖြင့် ရှေ့**ဣ**'သရကျေပြီးသည်ရှိသော် နောက်**(ဣ)**သရကို **(ဤ)**ဒီဃပြု။
(အတ်+ဤသိဂဏော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**တ်**'ဗျည်းကို နောက်**(ီ)**သို့ကပ်။
အတီသိဂဏော ပြီး၏။

................................................................................................................................................

**(၁၃၇) အတီ.ရိတံ = (အတိ+ဤရိတံ)** (လွန်စွာဆိုအပ်၏)

**အတီရိတံ**ကို **(အတိ+ဤရိတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် အတိ'သဒ္ဒါ၏ တိကို (စ)ပြုသင့်သော်လည်း၊ **'အတိဿ စန္တဿ'**သုတ်က တားမြစ်သောကြောင့် မပြုရ။ (အတိ+ဤရိတံ)

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ**'သရမှ **တ်**'ဗျည်းကိုခွင်း၊ တ်'၏ အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**တ်**'ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (အတ်+ဣ+ဤရိတံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့**ဣ**'သရကိုချေ။
(အတ်+ဤရိတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**တ်**'ဗျည်းကို နောက်**(ီ)**သို့ကပ်။
အတီရိတံ ပြီး၏။

................................................................................................................................................

*****(၁၃၈) အစ္စ.န္တံ = (အတိ+အန္တံ)** (စုတိဟူသောအဆုံးကိုလွန်သည်)

**အစ္စန္တံ**ကို **(အတိ+အန္တံ)**ဟု ပုဒ်ဖြတ်၍တည်။

-**'အတိဿ စန္တဿ'** ဟူသောသုတ်ဖြင့် 'သဗ္ဗော စံ တိ' သုတ်၏အစီအရင်ကို တားမြစ်သင့်သော်လည်း နောက် **"ႀက"**-ဝဏ်မဟုတ်၍ မတားမြစ်ရ။

-'သဗ္ဗော စံ တိ' ဟူသောသုတ်ဖြင့် နောက်**ႀက'**သရနှောင်းသောကြောင့် ရှေ့အတိ'သဒ္ဒါ၏ တိကို **(စ်)**ပြု။ (အစ်+အန္တံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ်'**ဗျည်းကို နောက်**အ'**သို့ကပ်။ (အစန္တံ)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **စ**-၏သဒိသဒွေဘော် **(စ္စ)**ပြု။

အစ္စန္တံ ပြီး၏။

........................................................................................................................................................

## ၄၈။ ကွစိ ပဋိ ပတိဿ။ (ပဋိ)← ပတိ +(သရ/ဗျည်း)

**သရေ ဝါ၊** နောက်သရကြောင့်လည်းကောင်း။ **ဗျဥ္ဇနေ ဝါ၊** နောက်ဗျည်းကြောင့်လည်းကောင်း။ **ပတိဿ၊** ပတိ-ဥပသာရပုဒ်၏။ **ကွစိ၊** အချို့အရာ၌။ **ပဋိ၊** ပဋိ-အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်သရ(သို့မဟုတ်)ဗျည်းနှောင်းသောကြောင့် ရှေ့ (ပတိ)ဥပသာရပုဒ်ကို (ပဋိ) ပြုသောသုတ် ဖြစ်ပါသည်။**

'ကွစိ ပဋိ ပတိဿ' (ရုပ်တွက်)ပုံစံများ

**(၁၃၉) ပဋ္ဋ.ဂ္ဂိ = (ပတိ+အဂ္ဂိ)** (မီးကြိုကို)

**ပဋ္ဋဂ္ဂိ**ကို **(ပတိ+အဂ္ဂိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ပဋိ ပတိဿ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် **ပတိ'**ဥပသာရပုဒ်ကို **'ပဋိ'**ပြု။ (ပဋိ+အဂ္ဂိ)

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ႀက'**သရမှ **ဋ်'**ဗျည်းကိုခွင်း၊ ဋ်'၏အစိတ် ႀက'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဋ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ပဋ်+ႀက+အဂ္ဂိ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**ႀက'**သရကိုချေ။ (ပဋ်+အဂ္ဂိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဋ်'**ဗျည်းကို နောက်**အ'**သို့ကပ်။

ပဋ္ဋဂ္ဂိ ပြီး၏။

**(၁၄၀) ပဋိ္ဌ.ဟညတိ = (ပတိ+ဟညတိ)** (ညှင်းဆဲအပ်၏)

**ပဋိဟညတိ**ကို **(ပတိ+ဟညတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ပဋိ ပတိဿ' ဟူသောသုတ်ဖြင့် နောက်**ဟ**'ဗျည်းနှောင်းသောကြောင့် **ပတိ**'ဥပသာရပုဒ်ကို **'ပဋိ'**ပြု။

ပဋိဟညတိ ပြီး၏။

................................................................................................................................................

<u>"ကွစိ"-သဒ္ဒါ၏ တားမြစ်ချက် ပြယုဂ်</u>

*****(၁၄၁) ပစ္စ.န္တိမေသု= (ပတိ+အန္တိမေသု)** (အစွန်အဖျားဖြစ်ကုန်သော)

**ပစ္စန္တိမေသု**ကို **(ပတိ+အန္တိမေသု)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ပဋိ ပတိဿ' ဟူသောသုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် **ပတိ**'ဥပသာရပုဒ်ကို **'ပဋိ'**ပြုသင့်သော်လည်း၊ 'ကွစိ ပဋိ ပတိဿ'သုတ်၌ပါသော "ကွစိ"သဒ္ဒါ၏တားမြစ်ချက်ကြောင့် မပြုရ။

(ပတိ+အန္တိမေသု)

-'သဗ္ဗော စံ တိ'သုတ်ဖြင့် နောက်**အ**'သရနှောင်းသောကြောင့် ရှေ့**ပတိ'သဒ္ဒါ၏ တိ**ကို (စ်)ပြု။

(ပစ်+အန္တိမေသု)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**စ်**ဗျည်းကို နောက်**အ**သို့ကပ်။ (ပစန္တိမေသု)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **စ-**၏သဒိသဒွေဘော် **(စ္စ)**ပြု။

ပစ္စန္တိမေသု ပြီး၏။

................................................................................................................................................

*****(၁၄၂) ပတိ.လီယတိ= (ပတိ+လီယတိ)** (တွန့်ဆုတ်၏)

**ပတိလီယတိ**ကို **(ပတိ+လီယတိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ပဋိ ပတိဿ' ဟူသောသုတ်ဖြင့် နောက်**လ**'ဗျည်းနှောင်းသောကြောင့် **ပတိ**'ဥပသာရပုဒ်ကို **'ပဋိ'** ပြုသင့်သော်လည်း၊ ကွစိ ပဋိ ပတိဿ' သုတ်၌ပါသော "ကွစိ"သဒ္ဒါ၏တားမြစ်ချက်ကြောင့် မပြုရ။

ပတိလီယတိ ပြီး၏။

................................................................................................................................................

*****(၁၄၃) ပတိ.ရူပဒေသဝါသော စ= (ပတိ+ရူပဒေသဝါသော စ)** (သင့်လျော်ရာအရပ်၌နေရခြင်းငင်း)

**ပတိရူပဒေသဝါသော စ**ကို **(ပတိ+ရူပဒေသဝါသော စ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ ပဋ္ဌိ ပတိဿ' ဟူသောသုတ်ဖြင့် နောက်**လ'**ဗျည်းနှောင်းသောကြောင့် **ပတိ'**ဥပသာရပုဒ်ကို **'ပဋ္ဌိ'** ပြုသင့်သော်လည်း၊ ကွစိ ပဋ္ဌိ ပတိဿ' သုတ်၌ပါသော "ကွစိ"သဒ္ဒါ၏တားမြစ်ချက်ကြောင့် မပြုရ။ ပတိရူပဒေသဝါသော စ ပြီး၏။

........................................................................................................................................................................

## ၄၉။ ပုထဿု ဗျဥ္ဇနေ။

| ပုထ+ဗျည်း |
|---|
| ဥ ←(အ) |

**ဗျဥ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **ပုထဿ၊** ပုထ-သဒ္ဒါ၏။ **အန္တော၊** အဆုံး(အ)သရသည်။ **ဥ၊** "ဥ"-အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့ပုထ-နိပါတ်ပုဒ်၏ အစိတ်(အ)ကို (ဥ)ပြုသော သုတ် ဖြစ်ပါသည်။**

<u>'ပုထဿု ဗျဥ္ဇနေ' (ရုပ်တွက်)ပုံစံ</u>

**(၁၄၄) ပုထု.ဇ္ဇနော = (ပုထ+ဇနော)** (ပုထုဇဉ်)

**ပုထုဇ္ဇနော**ကို **(ပုထ+ဇနော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုထဿု ဗျဥ္ဇနေ' ဟူသောသုတ်ဖြင့် နောက်**ဇ'**ဗျည်းနှောင်းသောကြောင့် **ပုထ'**နိပါတ်ပုဒ်၏အဆုံး အ'ကို **'ဥ'**ပြု။ (ပုထုဇနော)

-'ပရ ဒွေဘာဝေါ ဌာနေ' ဟူသောသုတ်ဖြင့် **"ဇ"**၏သဒိသဒွေဘော် **(ဇ္ဇ)**လာ။

ပုထုဇ္ဇနော ပြီး၏။

........................................................................................................................................................................

**(၁၄၅) ပုထု.ဘူတံ = (ပုထ+ဘူတံ)** (များစွာဖြစ်၍ဖြစ်သည်)

**ပုထုဘူတံ**ကို **(ပုထ+ဘူတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုထဿု ဗျဥ္ဇနေ' ဟူသောသုတ်ဖြင့် နောက်**ဘ'**ဗျည်းနှောင်းသောကြောင့် **ပုထ'**နိပါတ်ပုဒ်၏အဆုံး အ'ကို **'ဥ'**ပြု။

ပုထုဘူတံ ပြီး၏။

........................................................................................................................................................................

<u>'ပုထဿု ဗျဥ္ဇနေ'သုတ်၌ပါသော **အန္တ**-သဒ္ဒါ</u>

*****(၁၄၆) မနု.ညံ = (မနော+အညံ)** (စိတ်ကိုလွန်စွာနှစ်သက်စေတတ်သောအာရုံ)

**မနုညံ**ကို **(မနော+အညံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓေဒွိတမသဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဿ'**သရမှ **န်'**ဗျည်းကိုခွင်း၊ န်'၏အစိတ် ဿ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (မန်+ဿ+အညံ)

-'ပုထဿု ဗျဉ္ဇနေ' ဟူသောသုတ်၌ပါသော အန္တ'သဒ္ဒါဖြင့် မန်-အဆုံး **ဿ**ကို **'ဥ'**ပြု။ (မန်+ဥ+အညံ)

-'ဝါ ပရော အသရူပါ' ဟူသောသုတ်ဖြင့် ရှေ့**ဥ"**သရမှ နောက်ဖြစ်သော **အ**သရကိုချေ။ (မန်+ဥညံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န်'**ဗျည်းကို နောက်**(ု)**သို့ကပ်။

မနုညံ ပြီး၏။

............................................................................................................................................

## ၅၀။ ဿ အဝဿ။

| |
|---|
| **ဿ←(အဝ)+ဗျည်း** |

**ဗျဉ္ဇနေ၊** နောက်ဗျည်းနှောင်းသောကြောင့်။ **အဝဿ၊** အဝ-ဥပသာရပုဒ်၏။ **ကွစိ၊** အချို့သောပြယုဂ်တို့၌။ **ဿ၊** "ဿ"-အပြုသည်။ **ဟောတိ၊** ဖြစ်၏။

***ဤသုတ်သည် နောက်ဗျည်းနှောင်းသောကြောင့် ရှေ့အဝ-ဥပသာရပုဒ်ကို (ဿ)ပြုသောသုတ် ဖြစ်ပါသည်။**

'ဿ အဝဿ' (ရုပ်တွက်)ပုံစံ

**(၁၄၇) ဿ.နဒ္ဓါ = (အဝ+နဒ္ဓါ)** (မြေးယှက်အပ်ကုန်၏)

**ဿနဒ္ဓါ**ကို **(အဝ+နဒ္ဓါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဿ အဝဿ' ဟူသောသုတ်ဖြင့် နောက်**န'**ဗျည်းနှောင်းသောကြောင့် ရှေ့**အဝ'** ဥပသာရပုဒ်ကို **'ဿ'**ပြု။

ဿနဒ္ဓါ ပြီး၏။

............................................................................................................................................

## ၅၁။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။

**အနုပဒိဋ္ဌာနံ၊** မပြအပ်ခဲ့သော ရုပ်တို့၏။ **သဒ္ဓိ၊** ရုပ်ပြီးပုံကို။ **ဝုတ္တယောဂတော၊** ဆိုအပ်ခဲ့သောနည်းဖြင့်။ **ဝေဒိတဗ္ဗာ၊** သိအပ်ကုန်၏။

***ဤသုတ်သည် ဤသန္ဓိကျမ်း၌ မပြအပ်သေးသော ဥဒါဟရဏ်ရုပ်တို့ကိုလည်း ပြဆိုပြီးခဲ့သည့်သုတ်များဖြင့်ပင် စီရင်ပါဟု ညွှန်ပြသော** ပရိဘာသာသုတ် **ဖြစ်ပါသည်။**

**(၁၄၈) ပါ.ပနံ = (ပ+အာပနံ)** (အပြားအားဖြင့်ရောက်ခြင်း)

**ပါပနံ**ကို **(ပ+အာပနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ပ်'**ဗျည်းကိုခွင်း၊ ပ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ပ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ပ်+အ+အာပနံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (ပ်+အာပနံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ပ်'**ဗျည်းကို နောက်**(-ာ)**သို့ကပ်။

ပါပနံ ပြီး၏။

---

**(၁၄၉) ပရာ.ယဏံ = (ပရံ+အယနံ)** (လဲလျောင်းမှီခိုရာ)

**ပရာယဏံ**ကို **(ပရံ+အယနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ကွစိ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် **ရှေ့(ရ)**အထက်၌ရှိသော **(ံ)**ချေ။ (ပရ+အယနံ)

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ရ်'**ဗျည်းကိုခွင်း၊ ရ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ရ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ပရ်+အ+အယနံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (ပရ်+အယနံ)

-'ဒုတိယပိုင်း ဒီဃံ' သုတ်ဖြင့် ရှေ့**အ'**သရကျေပြီးသည်ရှိသော် နောက်**အ'**ရဿကို **(အာ)**ဒီဃပြု။ (ပရ်+အာယနံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ရ်'**ဗျည်းကို နောက်**(-ာ)**သို့ကပ်။ (ပရာယနံ)

-'ဒေါ ဓဿ စ'သုတ်၌ပါသော စ-သဒ္ဒါဖြင့် **(န)**ကို **ဏ-**ပြု။

ပရာယဏံ ပြီး၏။

---

**(၁၅၀) ဥပါ.ယနံ = (ဥပ+အာယနံ)** (ကပ်၍ဆောင်ခြင်း)

**ဥပါယနံ**ကို **(ဥပ+အာယနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠီတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ပ်'**ဗျည်းကိုခွင်း၊ ပ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ပ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ဥပ်+အ+အာယနံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်***အာ'***သရနှောင်းသောကြောင့် ရှေ့***အ'***သရကိုချေ။ (ဥပ်+အာယနံ)

-'နယေ ပရံ ယုတ္တေ'သုတ်ဖြင့် သရကင်းသော**ပ်'**ဗျည်းကို နောက်**(-ာ)**သို့ကပ်။

ဥပါယနံ ပြီး၏။

................................................................................................................................................

**(၁၅၁) ဥပါ.ဟနံ = (ဥပ+အာဟနံ)** (ကပ်၍ညှင်းဆဲတတ်သော, ဘိနပ်)

**ဥပါယနံ**ကို **(ဥပ+အာဟနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠီတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ပ်'**ဗျည်းကိုခွင်း၊ ပ်'၏အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ပ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ဥပ်+အ+အာဟနံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်***အာ'***သရနှောင်းသောကြောင့် ရှေ့***အ'***သရကိုချေ။ (ဥပ်+အာဟနံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ပ်'**ဗျည်းကို နောက်**(-ာ)**သို့ကပ်။

ဥပါဟနံ ပြီး၏။

................................................................................................................................................

**(၁၅၂) နျာ.ယောဂေါ = (နိ+အာယောဂေါ)** (အမြဲမပြတ်လွန်စွာအားထုတ်ခြင်း)

**နျာယောဂေါ**ကို **(နိ=အာယောဂေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠီတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **န်'**ဗျည်းကိုခွင်း၊ န်'၏အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (န်+ဣ+အာယောဂေါ)

-'ဣဝဏ္ဏော ယံ နဝါ' ဟူသောသုတ်ဖြင့် နောက်***အာ'***သရနှောင်းသောကြောင့် ရှေ့**ဣ'**သရကို(ယ်)ပြု။ (န်+ယ်+အာယောဂေါ)

-'နယေ ပရံ ယုတ္တေ'သုတ်ဖြင့် သရကင်းသော**ယ်'**ဗျည်းကို နောက်**(-ာ)**သို့ကပ်။ န်'ကိုလည်း **(-ျ)**သို့ကပ်။

နျာယောဂေါ ပြီး၏။

................................................................................................................................................

**(၁၅၃) နိ.ရူပမိ = (နိ+ဥပမိ)** (ဥပမိမရှိရာနိဗ္ဗာန်)

**နိရူပမိ**ကို **(နိ+ဥပမိ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဣ**'သရနှောင်းသောကြောင့် ရှေ့၌ **(ရ်)** အက္ခရာလာ။ (နိ+ရ်+ဥပမိ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ရ်)**ကို နောက်**(ု)**'သို့ကပ်။

နိရူပမိ ပြီး၏။

................................................................................................................................................

**(၁၅၄) အနု.ဗောဓော = (အနု+ဗောဓော)** (လျော်စွာသိခြင်း)

**အနုဗောဓော**ကို **(အနု+ဗောဓော)**ဟုပုဒ်ဖြတ်၍တည်။

-'သရာ ပကတိ ဗျဉ္ဇနေ" ဟူသောသုတ်ဖြင့် နောက်**ဗ်**'ဗျည်းနှောင်းသောကြောင့် ရှေ့**ဉ**'သရကို **(ု)**ဟု ပကတိပြု။

အနုဗောဓော ပြီး၏။

................................................................................................................................................

**(၁၅၅) ဒု.ဝူပသန္တံ = (ဒု+ဥပသန္တံ)** (မကောင်းသဖြင့်ငြိမ်သက်သည်)

**ဒုဝူပသန္တံ**ကို **(ဒု+ဥပသန္တံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဥ**'သရနှောင်းသောကြောင့် ရှေ့၌ **(ဝ်)** အက္ခရာလာ။ (ဒု+ဝ်+ဥပသန္တံ)

-'တတိယပိုင်းဒီဃံ' ဟူသောသုတ်ဖြင့် နောက်'ပ'ဗျည်းနှောင်းသောကြောင့် ရှေ့(ဥ)သရကို **(ဦ)**ဒီဃံပြု။ (ဒု+ဝ်+ဦပသန္တံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(ူ)**'သို့ကပ်။

ဒုဝူပသန္တံ ပြီး၏။

................................................................................................................................................

**(၁၅၆) သု.ဝူပသန္တံ = (သု+ဥပသန္တံ)** (ကောင်းစွာငြိမ်သက်သည်)

**သုဝူပသန္တံ**ကို **(သု+ဥပသန္တံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**ဥ**'သရနှောင်းသောကြောင့် ရှေ့၌ **(ဝ်)** အက္ခရာလာ။ (သု+ဝ်+ဥပသန္တံ)

-'တတိယပိုင်းဒီဃံ'သုတ်ဖြင့် နောက်'ပ'ဗျည်းနှောင်းသောကြောင့် ရှေ့(ဥ)သရကို **(ဦ)**ဒီဃံပြု။ (သု+ဝ်+ဦပသန္တံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(ူ)'**သို့ကပ်။
သုဝူပသန္တံ ပြီး၏။

..................................................................................................................................................................................

**(၁၅၇) ဒွါ.လယော = (ဒု+အာလယော)** (မကောင်းသောတည်ရာ)

**ဒွါလယော**ကို **(ဒု+အာလယော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဉ'**သရမှ **ဒ်'**ဗျည်းကိုခွင်း၊ ဒ်'၏အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဒ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ဒ်+ဉ+အာလယော)

-'ဝမောဒုဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော**ဉ'**ကို(ဝ)ပြု။ (ဒ်+ဝ်+အာလယော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(အာ)'**သို့ကပ်။ ဒ်'ကိုလည်း **(ဝါ)**သို့ကပ်။
ဒွါလယော ပြီး၏။

..................................................................................................................................................................................

**(၁၅၈) သွာ.လယော = (သု+အာလယော)** (ကောင်းသောတည်ရာ)

**သွာလယော**ကို **(သု+အာလယော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဉ'**သရမှ **သ်'**ဗျည်းကိုခွင်း၊ သ်'၏အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (သ်+ဉ+အာလယော)

-'ဝမောဒုဒန္တာနံ'သုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဉ'**ကို(ဝ)ပြု။ (သ်+ဝ်+အာလယော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(အာ)'**သို့ကပ်။ သ်'ကိုလည်း **(ဝါ)**သို့ကပ်။
သွာလယော ပြီး၏။

..................................................................................................................................................................................

**(၁၅၉) ဒု.ရာချာတံ = (ဒု+အာချာတံ)** (မကောင်းသဖြင့်ဆိုအပ်သည်)

**ဒုရာချာတံ**ကို **(ဒု+အာချာတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့၌ **(ရ်)** အက္ခရာလာ။ (ဒု+ရ်+အာချာတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ရ်)**ကို နောက်**(-ာ)'**သို့ကပ်။ ဒုရာချာတံ ပြီး၏။

**(၁၆၀) သွာ.ချာတော = (သု+အာချာတော)** (ကောင်းသောတည်ရာ)

**သွာချာတော**ကို **(သု+အာချာတော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠှိတမသေ့ရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဉ'**သရမှ **သ်'**ဗျည်းကိုခွင်း၊ သ်'၏ အစိတ် ဉ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**သ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (သ်+ဉ+အာချာတော)

-'ဝမောဒုဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဉ**ကို(ဝ)ပြု။ (သ်+ဝ်+အာချာတော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(အာ)'**သို့ကပ်။ သ်'ကိုလည်း **(ဝါ)**သို့ကပ်။
သွာချာတော ပြီး၏။

.................................................................................................................................................................

**(၁၆၁) ဉ.ဒီရိတံ = (ဉ+ဤရိတံ)** (အလွန်ဆိုအပ်ပြီ)

**ဉဒီရိတံ**ကို **(ဉ+ဤရိတံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ'သုတ်ဖြင့် နောက်**(အ)**သရနှောင်းသောကြောင့် ရှေ့၌ **(ဒ်)**အက္ခရာလာ။ (ဉ+ဒ်+ဤရိတံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဒ်)**ကို နောက်**(ီ)'**သို့ကပ်။
ဉဒီရိတံ ပြီး၏။

.................................................................................................................................................................

**(၁၆၂) သ.မုဒ္ဒိဋ္ဌံ = (သံ+ဉဒ္ဒိဋ္ဌံ)** (ကောင်းစွာပြအပ်သည်)

**သမုဒ္ဒိဋ္ဌံ**ကို **(သံ+ဉဒ္ဒိဋ္ဌံ)**ဟု ပုဒ်ဖြတ်၍တည်။

-'မဒါ သရေ' ဟူသောသုတ်ဖြင့် နောက်**ဉ'**သရနှောင်းသောကြောင့် ရှေ့**သ'**အထက်၌ရှိသောနိဂ္ဂဟိတ်ကို **(မ်)**ပြု။ (သ+မ်+ဉဒ္ဒိဋ္ဌံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(မ်)**ကို နောက်**(ု)'**သို့ကပ်။
သမုဒ္ဒိဋ္ဌံ ပြီး၏။

.................................................................................................................................................................

**(၁၆၃) ဝိ.ယဂ္ဂံ = (ဝိ+အဂ္ဂံ)** (အထူးသဖြင့်မြတ်သည်)

**ဝိယဂ္ဂံ**ကို **(ဝိ+အဂ္ဂံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ၌ **(ယ်)** အက္ခရာလာ။ (ဝိ+ယ်+အဂ္ဂ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ယ်)**ကို နောက်**(-)**သို့ကပ်။
ဝိယဂ္ဂ ပြီး၏။

................................................................................................................................................................

***(၁၆၄) ဝိဇ္ဈ.ဂ္ဂ = (ဝိ+အဓိ+အဂ္ဂ)** (အထူးသဖြင့်လွန်မြင့်မြတ်သည်)

**ဝိဇ္ဈဂ္ဂ**ကို **(ဝိ+အဓိ+အဂ္ဂ)**ဟု ပုဒ်ဖြတ်၍တည်။
-'အဓ္ဈော အဓိ'သုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် အဓိ'ဥပသာရပုဒ်ကို **(အဇ္ဈ)**ပြု**။**
(ဝိ+အဇ္ဈ+အဂ္ဂ)
-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ဈ်'**ဗျည်းကိုခွင်း၊ ဈ်'၏ အစိတ် အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဈ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (ဝိ+အဇ္ဈ်+အ+အဂ္ဂ)
-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (ဝိ+အဇ္ဈ်+အဂ္ဂ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဈ်'**ဗျည်းကို နောက်**အ'**သို့ကပ်။ (ဝိ+အဇ္ဈဂ္ဂ)
-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **ဝ်'**ဗျည်းကိုခွင်း၊ ဝ်'၏အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဝ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ဝ်+ဣ+အဇ္ဈဂ္ဂ)
-'ဝါ ပရော အသရူပါ'သုတ်ဖြင့် သုတိမတူသော ရှေ့**ဣ'**မှ နောက်ဖြစ်သော **အ'**သရကိုချေ။ (ဝ်+ဣ+ဇ္ဈဂ္ဂ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ဝ်'**ဗျည်းကို နောက်**(ိ)**သို့ကပ်။
ဝိဇ္ဈဂ္ဂ ပြီး၏။

................................................................................................................................................................

****(၁၆၅) ဗျ.ဂ္ဂ = (ဝိ+အဂ္ဂ)** (အထူးသဖြင့်မြတ်သည်)

**ဗျဂ္ဂ**ကို **(ဝိ+အဂ္ဂ)**ဟု ပုဒ်ဖြတ်၍တည်။
-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဣ'**သရမှ **ဝ်'**ဗျည်းကိုခွင်း၊ ဝ်'၏အစိတ် ဣ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ဝ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (ဝ်+ဣ+အဂ္ဂ)
-'ဣဝဏ္ဏော ယံ နဝါ'သုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**ဣ'**သရကို(ယ်)ပြု။

(ဝ်+ယ်+အဂ္ဂ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ယ်'**ဗျည်းကို နောက်**(-)**သို့ကပ်။ ဝ်'ကိုလည်း **(ျ)** သို့ကပ်။ (ဝျဂ္ဂ)
-'ဒေါ ဓဿ စ'သုတ်၌ပါသော "စ"-သဒ္ဒါဖြင့် (ဝျ)ကို **(ဗျ)**ပြု။
ဗျဂ္ဂ ပြီး၏။

.................................................................................................................................................................

**(၁၆၆) အဝ.ယာဂမနံ = (အဝ+အာဂမနံ)** (မကောင်းသဖြင့်လာခြင်း)

**အဝယာဂမနံ**ကို **(အဝ+အာဂမနံ)**ဟု ပုဒ်ဖြတ်၍တည်။
-'ယ ဝ မ ဒ န တ ရ လာ စာဂမာ' ဟူသောသုတ်ဖြင့် နောက်**အာ'**သရနှောင်းသောကြောင့် ရှေ့၌ **(ယ်)**အက္ခရာလာ။ (အဝ+ယ်+အာဂမနံ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ယ်)**ကို နောက်**(-ာ)'**သို့ကပ်။
အဝယာဂမနံ ပြီး၏။

.................................................................................................................................................................

**(၁၆၇) အန္ဝေ.တိ = (အနု+ဧတိ)** (အစဉ်လိုက်၏)

**အန္ဝေတိ**ကို **(အနု+ဧတိ)**ဟု ပုဒ်ဖြတ်၍တည်။
-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **ဥ'**သရမှ **န်'**ဗျည်းကိုခွင်း၊ န်'၏အစိတ် ဥ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် ထား။ (အန်+ဥ+ဧတိ)
-'ဝမောဒုဒန္တာနံ' ဟူသောသုတ်ဖြင့် နောက်**ဧ'**သရနှောင်းသောကြောင့် ရှေ့အစိတ်ဖြစ်သော **ဥ'**ကို(ဝ်)ပြု။ (အန်+ဝ်+ဧတိ)
-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ဝ်)**ကို နောက်**(ေ)'**သို့ကပ်။ န်'ကိုလည်း **(ေ၀)**သို့ကပ်။
အန္ဝေတိ ပြီး၏။

.................................................................................................................................................................

**(၁၆၈) အနု.ပဃာတော = (အန+ဥပဃာတော)** (ညှင်းဆဲအပ်၏)

**အနုပဃာတော**ကို **(အန+ဥပဃာတော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **န်'**ဗျည်းကိုခွဲ၊ န်'၏အစိတ် အ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အန်+အ+ဥပဃာတော)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**ဥ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (အန်+ဥပဃာတော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န်'**ဗျည်းကို နောက်**(ု)**သို့ကပ်။

အနုပဃာတော ပြီး၏။

.............................................................................................................................................

**(၁၆၉) အန.စ္ဆရိယံ = (အန+အစ္ဆရိယံ)** (မအံ့သြလောက်သေး)

**အနစ္ဆရိယံ**ကို **(အန+အစ္ဆရိယံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **န်'**ဗျည်းကိုခွဲ၊ န်'၏အစိတ် အ'ကြွင်းစေ၊ ခွဲအပ်ပြီးသော,သရကင်းသော**န်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (အန်+အ+အစ္ဆရိယံ)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်**အ'**သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (အန်+အစ္ဆရိယံ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**န်'**ဗျည်းကို နောက်**(-)**သို့ကပ်။

အနစ္ဆရိယံ ပြီး၏။

.............................................................................................................................................

**(၁၇၀) ပရိ.ယေသနာ = (ပရိ+ဧသနာ)** (ရှာမှီခြင်း)

**ပရိယေသနာ**ကို **(ပရိ+ဧသနာ)**ဟု ပုဒ်ဖြတ်၍တည်။

-'ယ ဝ မ ဒ န တ ရ လာ စာဂမာ'သုတ်ဖြင့် နောက်**(ဧ)**သရနှောင်းသောကြောင့် ရှေ၌ **(ယ်)**အက္ခရာလာ။ (ပရိ+ယ်+ဧသနာ)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် **(ယ်)**ကို နောက်**(ဧ)'**သို့ကပ်။

ပရိယေသနာ ပြီး၏။

.............................................................................................................................................

**(၁၇၁) ပရာ.မာသော = (ပရ+အာမာသော)** (မှားသောအားဖြင့်သုံးသပ်ခြင်း)

**ပရာမာသော**ကို **(ပရ+အာမာသော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဠိတမသဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အ'**သရမှ **ရ်'**ဖျည်းကိုခွဲင်း၊ ရ်'၏အစိတ်အ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ရ်'**ဖျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (ပရ်+အ+အာမာသော)

-'သရာ သရေ လောပံ' ဟူသောသုတ်ဖြင့် နောက်***အာ'***သရနှောင်းသောကြောင့် ရှေ့**အ'**သရကိုချေ။ (အန်+အာမာသော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ရ်'**ဖျည်းကို နောက်**(-ာ)**သို့ကပ်။
ပရာမာသော ပြီး၏။

..........................................................................................................................................................

**(၁၇၂) ပရိ.ဂ္ဂဟော = (ပရိ+ဂဟော)** (သိမ်းဆည်းခြင်း)

**ပရိဂ္ဂဟော**ကို **(ပရိ+ဂဟော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ရ'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **ဂ**၏သဒိသဒွေဘော် **(ဂ္ဂ)**ပြု။
ပရိဂ္ဂဟော ပြီး၏။

..........................................................................................................................................................

**(၁၇၃) ပ.ဂ္ဂဟော = (ပ+ဂဟော)** (ချီးမြှောက်ခြင်း)

**ပဂ္ဂဟော**ကို **(ပ+ဂဟော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ပ'၏မှီရာ**အ'**သရမှ နောက်ဖြစ်သော **ဂ**၏သဒိသဒွေဘော် **(ဂ္ဂ)**ပြု။
ပဂ္ဂဟော ပြီး၏။

..........................................................................................................................................................

**(၁၇၄) ပ.က္ကမော = (ပ+ကမော)** (ရှောင်သွားခြင်း, ဖဲသွားခြင်း)

**ပက္ကမော**ကို **(ပ+ကမော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ပ'၏မှီရာ**အ'**သရမှ နောက်ဖြစ်သော **က**၏သဒိသဒွေဘော် **(က္က)**ပြု။
ပဂ္ဂဟော ပြီး၏။

..........................................................................................................................................................

**(၁၇၅) ပရ.က္ကမော = (ပရာ+ကမော)** (လုံ့လခြင်း)

**ပရက္ကမော**ကို **(ပရာ+ကမော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပုဗ္ဗမဓောဌိတမဿရံ သရေန ဝိယောဇယေ' ဟူသောသုတ်ဖြင့် **အာ'**သရမှ **ရ်'**ဗျည်းကိုခွင်း၊ ရ်'၏ အစိတ် အာ'ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**ရ်'**ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ် မပျက်ထား။ (ပရ်+အာ+ကမော)

-'ရဿံ'သုတ်ဖြင့် နောက်"က"ဗျည်းနှောင်းသောကြောင့် ရှေ့အာ'သရကို **(အ)**ရဿပြု။ (ပရ်+အ+ကမော)

-'နယေ ပရံ ယုတ္တေ' ဟူသောသုတ်ဖြင့် သရကင်းသော**ရ်'**ဗျည်းကို နောက်**အ'**သို့ကပ်။ (ပရကမော)

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ရ'၏မှီရာ**အ'**သရမှ နောက်ဖြစ်သော **က**၏သဒိသဒွေဘော် **(က္က)**ပြု။ ပရက္ကမော ပြီး၏။

........................................................................................................................................

**(၁၇၆) နိ.က္ကမော = (နိ+ကမော)** (ထွက်သွားခြင်း)

**နိက္ကမော**ကို **(နိ+ကမော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် န'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **က**၏သဒိသဒွေဘော် **(က္က)**ပြု။ နိက္ကမော ပြီး၏။

........................................................................................................................................

**(၁၇၇) နိ.က္ကသာဝေါ = (နိ+ကသာဝေါ)** (ကိလေသာဖန်ရည်မရှိသူ, ရဟန္တာ)

**နိက္ကသာဝေါ**ကို **(နိ+ကသာဝေါ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် န'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **က**၏သဒိသဒွေဘော် **(က္က)**ပြု။ နိက္ကသာဝေါ ပြီး၏။

........................................................................................................................................

**(၁၇၈) နိ.လ္လယနံ = (နိ+လယနံ)** (ပုန်အောင်းခြင်း)

**နိလ္လယနံ**ကို **(နိ+လယနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ'သုတ်ဖြင့် န'၏မှီရာ **(ဣ)**သရမှ နောက်ဖြစ်သော **လ-**၏သဒိသဒွေဘော် **(လ္လ)**ပြု။ နိလ္လယနံ ပြီး၏။

........................................................................................................................................

**(၁၇၉) ဒု.လ္လယနံ = (ဒု+လယနံ)** (မကောင်းသဖြင့် ပုန်းအောင်းခြင်း)

**ဒုလ္လယနံ**ကို **(ဒု+လယနံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ'သုတ်ဖြင့် ဒ'၏မှီရာ **(ဥ)**သရမှ နောက်ဖြစ်သော **လ-**၏သဒိသဒွေဘော် **(လ္လ)**ပြု။ ဒုလ္လယနံ ပြီး၏။

(၁၈၀) **ဒုဗ္ဘိက္ခံ = (ဒု+ဘိက္ခံ)** (ရခဲသောထမင်းရှိသည်)

**ဒုဗ္ဘိက္ခံ**ကို **(ဒု+ဘိက္ခံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမ' ဟူသောသုတ်ဖြင့် စတုတ္ထက္ခရာ**ဘ'**၏ အသဒိသဒွေဘော် တတိယက္ခရာ**(ဗ)**လာ။

ဒုဗ္ဘိက္ခံ ပြီး၏။

**(၁၈၁) ဒု.ဗ္ဗုတ္တံ = (ဒု+ဝုတ္တံ)** (မကောင်းသဖြင့် ဆိုအပ်သည်)

**ဒုဗ္ဗုတ္တံ**ကို **(ဒု+ဝုတ္တံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ဒ'၏မှီရာ**ဉ'**သရမှ နောက်ဖြစ်သော **ဝ**၏သဒိသဒွေဘော် **(ဝွ)**ပြု။

(ဒုဝွုတ္တံ)

-'ဒေါ ဓဿ စ' သုတ်၌ပါသော "စ"သဒ္ဒါဖြင့် "ဝွ"ကို**(ဗ္ဗ)**ပြု။

ဒုဗ္ဗုတ္တံ ပြီး၏။

**(၁၈၂) သ.န္ဒိဋ္ဌံ = (သံ+ဒိဋ္ဌံ)** (ကောင်းစွာမြင်အပ်သည်)

**သန္ဒိဋ္ဌံ**ကို **(သံ+ဒိဋ္ဌံ)**ဟု ပုဒ်ဖြတ်၍တည်။

-'ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ' သုတ်ဖြင့် နောက်"ဒ်"ဗျည်းနှောင်သောကြောင့် ရှေ့(သ)၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို **တ'**ဝဂ္ဂန္တ **(န်)**ပြု။

သန္ဒိဋ္ဌံ ပြီး၏။

**(၁၈၃) ဒု.ဂ္ဂဟော = (ဒု+ဂဟော)** (မကောင်းသဖြင့်ယူခြင်း)

**ဒုဂ္ဂဟော**ကို **(ဒု+ဂဟော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ဒ'၏မှီရာ**ဉ'**သရမှ နောက်ဖြစ်သော **-**၏သဒိသဒွေဘော် **(ဂ္ဂ)**ပြု။

ဒုဂ္ဂဟော ပြီး၏။

**(၁၈၄) ဝိ.ဂ္ဂဟော = (ဝိ+ဂဟော)** (အထူးသဖြင့်ယူခြင်း)

**ဝိဂ္ဂဟော**ကို **(ဝိ+ဂဟော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ဝ'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **ဂ**၏သဒိသဒွေဘော် **(ဂ္ဂ)**ပြု။
ဝိဂ္ဂဟော ပြီး၏။

..........................................................................................................................................

**(၁၈၅) နိ.ဂ္ဂဟော = (နိ+ဂဟော)** (ထွက်သွားခြင်း)

**နိဂ္ဂဟော**ကို **(နိ+ဂဟော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် န'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **ဂ**၏သဒိသဒွေဘော် **(ဂ္ဂ)**ပြု။
နိဂ္ဂဟော ပြီး၏။

..........................................................................................................................................

**(၁၈၆) အဘိ.က္ကမော = (အဘိ+ကမော)** (ရှေ့သို့တက်ခြင်း)

**အဘိက္ကမော**ကို **(အဘိ+ကမော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် ဘ'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **က**၏သဒိသဒွေဘော် **(က္က)**ပြု။
အဘိက္ကမော ပြီး၏။

..........................................................................................................................................

**(၁၈၇) ပဋိ.က္ကမော = (ပတိ+ကမော)** (နောက်သို့ဆုတ်ခြင်း)

**ပဋိက္ကမော**ကို **(ပတိ+ကမော)**ဟု ပုဒ်ဖြတ်၍တည်။

-'ပရ ဒွေဘာဝေါ ဌာနေ' သုတ်ဖြင့် တ'၏မှီရာ**ဣ'**သရမှ နောက်ဖြစ်သော **က**၏သဒိသဒွေဘော် **(က္က)**ပြု။
(ပတိက္ကမော)

-'ကွစိ ပဋိ ပတိဿ' ဟူသောသုတ်ဖြင့် နောက်**က္က'**ဗျည်းနှောင်းသောကြောင့် **ပတိ'**ဥပသာရပုဒ်ကို **'ပဋိ'**ပြု။
ပဋိက္ကမော ပြီး၏။

..........................................................................................................................................

# ကစ္စည်းသဒ္ဒါကြီးဘာသာ

## သန္ဓိကျမ်း

### မှတ်စု(အနှစ်ချုပ်)

သန္ဓိကျမ်းမှာ သုတ်ပေါင်း(၅၁)သုတ်၊ အပိုင်းအားဖြင့် အပိုင်း(၅)ပိုင်းပါဝင်ပါတယ်။ ပထမပိုင်းက **၁။ အတ္ထော အက္ခရသညာတော** မှ **၉။ ပရသမညာ ပယောဂေ** အထိ ဒီသုတ် ၉-သုတ်ဟာ ဗျည်း၊ သရ၊ ဒီဃ၊ ရဿ၊ ဃောသ၊ အဃောသ စသဖြင့် နာမည်အမည်ပေးတဲ့သုတ်တွေပဲ ဖြစ်ပါတယ်။ ပြီးတော့ ပဉ္စမ ပိုင်းရဲ့ နောက်ဆုံးသုတ်ဖြစ်တဲ့ **၅၁။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော** ဆိုတဲ့သုတ်ဟာလည်း မပြရသေးတဲ့ရုပ်တွက်တွေအတွက်ကိုလည်း ရှေ့ရှေ့က ပြခဲ့ပြီးတဲ့နည်းတွေအတိုင်းပဲ ရုပ်တွက်ပါလို့ ပြဆိုတဲ့ သုတ်ပဲဖြစ်ပါတယ်။ ဒါဆိုရင် သုတ်ပေါင်း (၅၁)သုတ်မှာ (၁၀)သုတ်ပြီးသွားပြီပေါ့။ ကျန်တဲ့ (၄၁) သုတ်ကို မှတ်သားရတာ လွယ်ကူသွားအောင်လို့ တူရာ,တူရာသုတ်တွေကို စုဖွဲ့ပြီး ဇော်မြူလာပုံစံလေး တွေနဲ့ မှတ်သားနိုင်အောင် ရေးသားပေးလိုက်ပါတယ်။

## ၁၀။ ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ။

| | | |
|---|---|---|
| **က** | = | က် + အ |
| ဗျည်း,သရတွဲ | | ဗျဉ်း သရ |

သရမှ ဗျည်းကိုခွင်း တဲ့သုတ်။ သရ-(အမှီခံ)။ ဗျည်း-(မှီ)
**က’** ကို ဗျည်းနဲ့သရ ခွဲမယ်ဆိုရင် ....**က်+အ** ဒီလိုရမယ်ပေါ့။
-‘ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ’ ဟူသောသုတ်ဖြင့် **အ’** သရမှ **က်’**ဗျည်းကိုခွင်း၊ က်’၏အစိတ် အ’ကြွင်းစေ၊ ခွင်းအပ်ပြီးသော,သရကင်းသော**က်’**ဗျည်းကို ရှေ့ဟု ဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ (က်+အ) ဒါက ဒီသုတ်ရဲ့ဆိုရိုးပါပဲ။

## ၁၁။ နယေ ပရံ ယုတ္တေ။

| | | |
|---|---|---|
| က် + အ | = | **က** |
| ဗျဉ်း သရ | | ဗျည်း,သရတွဲ |

ခွဲထားတဲ့ ဗျည်းနဲ့သရကို ဒီသုတ်က ပြန်ကပ်တာ။ **က်+အ** ဒီလိုရမယ်ပေါ့။ ဒါကိုပဲ ဆိုရိုးအရရေးတော့... -‘နယေ ပရံ ယုတ္တေ’ ဟူသောသုတ်ဖြင့် သရကင်းသော**က်’**ဗျည်းကို နောက်**(အ)**သို့ကပ်။

ဒီတော့ “ပုဗ္ဗမဓောဋ္ဌိတ”သုတ်နဲ့ “နယေ ပရံ” သုတ်(၂)သုတ်ဟာ သန္ဓိရုပ်တွေ တွက်တဲ့အခါမှာ မပါ မဖြစ် ပါနေမယ့်သုတ်တွေလို့ မှတ်ထားပါ။ ဒါဆိုရင် သုတ်ပေါင်း(၃၉)သုတ်ပြီးပြီပေါ့နော်။ ကျန်တဲ့သုတ် (၃၉)သုတ်ကို မှတ်ရတာလွယ်အောင်လို့ တူရာ,တူရာတွေစုပြီး မှတ်သားကြရအောင်။ ဦးစွာ သရတွေကို ချေချင်တယ်ဆိုရင် (၃)သုတ်ရှိတယ်လို့မှတ်ပါ။ နိဂ္ဂဟိတ်ကို ချေမယ်ဆိုရင်တော့ သုတ်(၁)သုတ်ရှိမယ်။ အခု သရချေတဲ့သုတ်တွေကို ကြည့်ရအောင်..

## ၁၂။ သရာ သရေ လောပံ။

| ရှေ့(သရX)+ သရ |
|---|

ဒီသုတ်က နောက်**သရ**'နှောင်းရင်၊ နှောင်းတယ်ဆိုတာ နောက်မှာ (သရ)ရှိရင် ရှေ့က 'သရ"ကို ဒီသုတ်နဲ့ စီရင်ပြီတော့ ချေလို့ရတယ်လို့ ဆိုလိုတာပါ။ ဒီသုတ်ကို ***ရှေ့(သရ)ကို ချေတဲ့သုတ်*** လို့မှတ်ပေါ့။

## ၁၃။ ဝါ ပရော အသရူပါ။

| **သရ** + နောက်**(သရX)** |
|---|

နောက်ထပ် သရကိုချေတဲ့သုတ်ကတော့ "ဝါ ပရော အသရူပါ" တဲ့။ ဒီသုတ်ကျတော့ ရှေ့မှာ **သရ**'ရှိလို့မို့ နောက်က (သရ)ကိုချေနိုင်တယ်တဲ့။ သို့သော်.. ဒီသုတ်ရဲ့ထူးခြားချက်က ရှေ့(သရ)နဲ့ နောက်(သရ)ဟာ တူနေရင် ချေလို့မရပါဘူးတဲ့။ **အသရူပ** သရချင်း (ရှေ့/နောက်) မတူမှသာ ချေလို့ရပါမယ်လို့ နားလည်သဘောပေါက်ရမှာပါနော်။ ***နောက်(သရ)ကို ချေတဲ့သုတ်*** လို့မှတ်ပါ။ ဟုတ်ပီနော်, နောက်ထပ် သရချေတဲ့သုတ်ကို ကြည့်ပါဦး။

## ၄၀။ ပရော ဝါ သရော။

| (ံ)+နောက် **(သရ)ချေX** |
|---|

***နိဂ္ဂဟိတ်မှ နောက်ဖြစ်တဲ့ သရကိုချေတဲ့သုတ်***

ဒီသုတ်ကတော့ စတုတ္ထပိုင်း(၁၂)သုတ်ထဲက (၁၁)သုတ်မြောက်သုတ် ဖြစ်ပါတယ်။ နိဂ္ဂဟိတ်မှ နောက်ဖြစ်တဲ့ သရကို ချေတဲ့။

ကဲ၊ အခု.. ဒီဃ,ရဿပြုတဲ့သုတ်တွေကို ကြည့်ကြဦးစို့။ "ဒီဃ"ဆိုတာ, "ရဿ"ဆိုတာတွေကို ပထမပိုင်း(၁၁)သုတ်ထဲက သုတ်စဉ်(၄)၊ (၅)တွေမှာ **'လဟုမတ္တာ တယော ရဿ'** ရွတ်ရဆိုရတဲ့အခါမှာ ပေါ့ပေါ့ပါးပါး ရွတ်ဆိုရတဲ့ သရ'သုံးလုံး**(အ ဣ ဥ)** ဒီသုံးလုံးကို ရဿ'သရတဲ့။ **'အညေ ဒီဃာ"** ရဿသရကနေ ကြွင်းတဲ့သရငါးလုံး **(အာ ဤ ဦ ဧ ဩ)**ပေါ့၊ ဒီသရတွေကိုတော့ ဒီဃ'သရလို့ခေါ်ရပါမယ်တဲ့။ ရဿ'ပြု, ဒီဃ'ပြုတဲ့ သုတ်တွေမှာ "ဒီဃံ"သုတ်က ၃-သုတ်ရှိပါမယ်၊ ဒုတိယပိုင်း "ဒီဃံ", တတိယပိုင်း "ဒီဃံ" နဲ့ "ပုဗ္ဗော စ" သုတ်တွေ ဖြစ်ပါတယ်။

## ၁၅။ ဒီဃံ။

| **ရှေ့(သရ X)+** ရဿ→**ဒီဃ** |
|---|

***နောက်သရကို ဒီဃပြုတဲ့သုတ်***

ရှေ့သရကျေပြီးရင် နောက်သရကို ဒီဃပြုပါတဲ့။ ဒါက ဒုတိယပိုင်း "ဒီဃံသုတ်" ဖြစ်ပါတယ်။ ဒီသုတ်မစီရင်မီ "သရာ သရေ လောပံ''သုတ် အရင် ဝင်ထားရပါမယ်။

## ၁၆။ ပုဗ္ဗော စ။

| **ဒီဃ**← ရဿ +နောက်**(သရ X)** |
|---|

***ရှေ့သရကို ဒီဃပြုတဲ့သုတ်***

ဒီသုတ်ကျတော့ နောက်သရကျေပြီးမှ ရှေ့သရကို ဒီဃပြုပါတဲ့၊ ဒီသုတ်ကို မစီရင်မီမှာလည်း 'ဝါ ပရော အသရူပါ'သုတ် အရင်ဝင်ထားရမယ်။

## ၂၅။ ဒီဃံ။

| |
|---|
| **ဒီဃ ←** ရဿ + နောက်(**ဗျည်း**) |

***နောက်ဗျည်းနှောင်းရင် ရှေ့သရကို ဒီဃပြု***

ဒီ တတိယပိုင်း "ဒီဃံ''သုတ်မှာကျတော့ နောက်က ဗျည်းနှောင်းလို့ ရှေ့သရ ကို ဒီဃ'ပြုတဲ့။ ဒီဃ'ပြီတော့ ရဿကိုသွားကြဦးစို့...

## ၂၆။ ရဿံ။

| |
|---|
| **ရဿ ←** ရဿ+ နောက်**ဗျည်း** |

***နောက်ဗျည်းနှောင်းရင် ရှေ့သရကို ရဿပြု***

နောက်ဗျည်းနှောင်းရင် ရှေ့သရကို ရဿ သရလည်း ပြုလို့ရတယ်။

***နောက်က ဗျည်းနှောင်းနေရင် ဒီဃပြုလို့ရသလို ရဿလည်း ပြုလို့ရတယ်လို့ မှတ်ထားပါ။***

ရဿပြုတာ နောက်(၂)သုတ်ရှိသေးတယ်၊ အဲဒီသုတ်တွေက ထူးခြားတယ်နော်၊ ကြည့်ပါဦး။

## *၂၂။ ဧဝါဒိဿ ရိ ပုဗ္ဗော စ ရဿော။

| |
|---|
| **အ← (အာ)** + **(ဧဝ )→ရိဝ** |

***(ဧ)ကို(ရိ)ပြု၍၊ ရှေ့(အာ)ကိုလည်း(အ)ရဿပြုတဲ့သုတ်***

ဒီသုတ်က function(၂)ခုလုပ်တယ်။ ဧဝ-သဒ္ဒါ၏အစဖြစ်သော **ဧ-**အက္ခရာကို **ရိ**ပြု၍။ ရှေ့**အာ"**သရကို လည်း **ရဿ**ပြုတာပါတဲ့။ ဒါလည်း ရဿပြုတဲ့သုတ်လို့ပဲမှတ်ပါ။ ဟော.. နောက်တစ်သုတ်က ထူးခြား တာပဲ၊ ပဉ္စမပိုင်းက သုတ်စဉ်(၄၃)က ဘာပြောသလဲ?

## ၄၃။ ပါဿ စန္တော ရဿော။

| | |
|---|---|
| | **ပါ+သရ** |
| **အ←(အာ)** | **(ဂ)**လာ |

***ပါနိပါတ်ပုဒ်ရဲ့အဆုံးမှာ(ဂ)အက္ခရာလာ (အာ)ကိုလည်း (အ)ရဿပြုတဲ့သုတ်***

ဒီသုတ်ကလည်း function(၂)ခုပဲနော်။ နောက်သရနှောင်းလို့မို့ **ပါ**နိပါတ်ပုဒ်ရဲ့အဆုံးမှာ။ "ဂ"အက္ခရာလာ။ ပါ"ရဲ့အဆုံး **(အာ)**သရကိုလည်း။ **ရဿ**ပြု။

ဒီဃပြုတာ(၃)သုတ်, ရဿပြုတာ(၃)သုတ် ပြီးတော့ ဣ'ဤကို**(ဧ),** ဥ'ဦကို**(ဩ)**ပြုတဲ့သုတ်က ..?

## ၁၄။ ကွစာသဝဏ္ဏံ လုတ္တေ။

| |
|---|
| **ရှေ့(သရ X)+ဣ,ဤ→ ဧ** |
| **ရှေ့(သရ X) +ဥ,ဦ → ဩ** |

***ရှေ့သရကျေပြီးရင် ဣ-ဝဏ်ကို(ဧ), ဥ-ဝဏ်ကို(ဩ)ပြုတဲ့သုတ်***

ရှေ့သရကျေပြီးလို့ရှိရင် နောက်သရကို အချို့သောပြယုဂ်မှာ **"ဧ၊ဩ"** ပြုတဲ့။ ဒါက "ဧ"ပြုတဲ့၊ "ဩ"ပြုတဲ့သုတ်လို့ပဲမှတ်ပေါ့. နောက်တစ်သုတ်ကျတော့ (ဧ)ကို "ယ"ပြုမယ်။ ဘယ်သုတ်လဲဆိုရင်...

## ၁၇။ ယမေဒန္တဿာဒေသော။

| **ယ← ဧ** +နောက်**(သရ )** |
|---|

***နောက်သရနှောင်းလို့ ရှေ့အစိတ်ဖြစ်တဲ့(ဧ)ကို (ယ)ပြုတဲ့သုတ်***

နောက်သရကြောင့် ပုဒ်အဆုံးဖြစ်တဲ့ ဧ'အက္ခရာကို အချို့သောပြယုဂ် တွေမှာ **ယ**'ပြုပါ။ နောက်ထပ် (ယ)ပြုတဲ့သုတ်ကတော့....

## ၂၁။ က္လဝဏ္ဏော ယံ နဝါ။

| **ယ← (က္လ/ဤ) + (သရ )** |
|---|

***နောက်သရနှောင်းလို့ ရှေ့က္လ-ဝဏ်ကို (ယ)ပြုတဲ့သုတ်***

နောက်သရကြောင့် က္လ-ဝဏ်လို့ခေါ်တဲ့ (က္လ/ဤ)ကို **ယ**ပြု။

(ယ)ပြုတဲ့ နှစ်သုတ်စလုံးမှာ ထူးခြားတာက နောက်က သရနှောင်းရမယ်တဲ့။ သရနှောင်းမှသာ (ယ)ပြုနိုင်ပါသတဲ့။ (ဝ)ပြုတဲ့သုတ်တွေ, (ဒ)ပြုတဲ့သုတ်တွေကိုလည်း လေ့လာကြပါဦးစို့....

## ၁၈။ ဝမောဒုဒန္တာနံ။

| **ဝ← (ဩ/ဥ) + (သရ )** |
|---|

***နောက်သရနှောင်းလို့ (ဩ/ဥ)တို့ကို (ဝ)ပြုတဲ့သုတ်***

နောက်သရနှောင်းလို့ ဩ'အက္ခရာ,ဥအက္ခရာတို့ကို **ဝ**'ပြုလို့ရတယ်။
နောက်တစ်သုတ်က (ဒ)ပြုတဲ့သုတ်တွေ...

## ၂၀။ ဒေါ ဓဿ စ။

| **ဒ← (ဓ)** +နောက် **သရ** |
|---|

***နောက်သရနှောင်းလို့ (ဓ)အက္ခရာကို (ဒ)ပြုတဲ့သုတ်***

နောက်သရရှိလို့ **ဓ'**အောက်ခြိုက်ကို **ဒ'**ဒွေးပြုနိုင်တယ်။

## ၃၅။ ယ ဝ မ ဒ န တ ရ လာ စာဂမာ။

| **ယ,ဝ,မ,ဒ,န,တ,ရ,လ← သရ** |
|---|

***နောက်သရနှောင်းရင် ရှေ့မှာ (ယ ဝ မ ဒ န တ ရ လ)လာတဲ့သုတ်***

နောက်သရနှောင်းခဲ့ရင် **ယ ဝ မ ဒ န တ ရ လ** အက္ခရာ(၈)လုံး လာလို့ရတယ်။ အဲ့ဒီ အက္ခရာ(၈)လုံးထဲမှာ (ဒ)လည်းပါတယ်နော်။ (ဩ)ပြု, (ဩ)လာတဲ့သုတ်တွေ...?

## ၂၃။ သရာ ပကတိ ဗျဉ္ဇနေ။

| **ဩ← (ဩ)** + နောက်**(ဗျည်း)** |
|---|

***နောက်ဗျည်းနှောင်းလို့ ရှေ့သရကို ပကတိပြုတဲ့သုတ်***

နောက်ဗျည်းနှောင်းရင် ရှေ့သရတို့ကို။ ပင်ကိုယ်အတိုင်း(ပကတိ)ပြု။

## ၃၆။ ကွစိ ဩ ဗျဉ္ဇနေ။

| **ဩ←** နောက်**(ဗျည်း)** |
|---|

***နောက်ဗျည်းနှောင်းလို့ အရှေ့မှာ "ဩ"လာတဲ့သုတ်***

နောက်ကဗျည်းနှောင်းလို့ အချို့ပြယုဂ်တွေမှာ **ဩ**လာလို့ ရတယ်။

## ၂၄။ သရေ ကွစိ။

| **ဩ← (ဩ)** + နောက်**(သရ)** |
|---|

***နောက်သရနှောင်းရင်လည်း ရှေ့က သရကို ပကတိပြုတဲ့သုတ်***

နောက်သရနှောင်းရင်လည်း ရှေ့သရကို **ပကတိ၊** ပင်ကိုယ်အတိုင်း ပကတိပြုနိုင်တယ်။

## ၅၀။ ဩ အဝဿ။

| **ဩ←(အဝ)+ဗျည်း** |
|---|

***နောက်ဗျည်းနှောင်းလို့ ရှေ့(အဝ)ဥပသာရပုဒ်ကို (ဩ)ပြုတဲ့သုတ်***

နောက်ဗျည်းနှောင်းလို့ (အဝ)ဥပသာရပုဒ်ကို  အချို့သောပြယုဂ်မှာ "**ဩ**" ပြုပါ။

## ၂၇။ လောပဥ္စတတြာ ကာရော။

| **အ→( ဩX )+ နောက်ဗျည်း** |
|---|

***နောက်ဗျည်းနှောင်း, ရှေ့သရချေ၊ ထိုကျေရာ(အ)အက္ခရာလာတဲ့သုတ်***

နောက်ဗျည်းနှောင်းခဲ့ရင် ရှေ့သရကိုချေ, အဲဒီ ကျေပြီးတဲ့နေရာမှာ။ (**အ)**အက္ခရာလာ။

ဒီသုတ်ကလည်း function(၂)ခုပဲနော်။ နောက်ဗျည်းနှောင်းလို့မို့ ရှေ့ကသရ(များသောအားဖြင့်)**ဩ** သရကို ချေပြီးရင် အဲဒီကျေပြီတဲ့နေရာမှာ "**အ**"အက္ခရာလာ။

နိဂ္ဂဟိတ်(ံ)နဲ့ပတ်သက်တဲ့သုတ်တွေ....

## ၃၀။ အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ။

| **အံ← (ံ)** + နောက်**(ဗျည်း)** |
|---|

***နောက်ဗျည်းနှောင်းလို့ ရှေ့နိဂ္ဂဟိတ်ကို (အံ)ပြုတဲ့သုတ်***

နောက်ဗျည်းနှောင်းလို့ရှိရင် နိဂ္ဂဟိတ်ကို **အံ(ံ)**ပြု။ နိဂ္ဂဟိတ်နဲ့(အံ)ဆိုတာ အတူတူပဲနော်၊ ပထမပိုင်းက သုတ်စဉ်(၈)မှာ- **အံ ဣတိ နိဂ္ဂဟီတံ** 'အံ'ဟု ရွတ်ဆိုရသော ဗိန္ဒုပြောက်သည်(နိဂ္ဂဟိတ်)။ ဒီသုတ်အရ နောက်ကဗျည်းဆိုရင် ရှေ့ကနိဂ္ဂဟိတ်ကို နိဂ္ဂဟိတ်အတိုင်းပြထားလို့ ဆိုလိုတာ, ဒါဟာလည်း ပကတိပြု တဲ့သုတ်ပါပဲ။ နောက်သုတ်တွေက နိဂ္ဂဟိတ်ကို ချေတဲ့သုတ်တွေ...

## ၃၈။ ကွစိ လောပံ။

**(ံ)ချေX+**နောက် (သရ)

***နောက်သရနှောင်းရင် ရှေ့ကနိဂ္ဂဟိတ်(ံ)ကို  ချေတဲ့သုတ်***

နောက်သရကြောင့် နိဂ္ဂဟိတ်ကို အချို့သောပြယုဂ်တွေမှာဆိုရင် ချေပါတဲ့။ နောက်က ဗျည်းဆိုရင်လည်း

## ၃၉။ ဗျဥ္ဇနေ စ။

**(ံ)ချေX+**နောက် (ဗျည်း)

***နောက်ဗျည်းနှောင်းရင်လည်း ရှေ့ကနိဂ္ဂဟိတ်(ံ)ကို  ချေတဲ့သုတ်**

နောက်ဗျည်းနှောင်းလို့ရှိရင်လည်း နိဂ္ဂဟိတ်ကို ချေလို့ရတယ်။

((**ဆိုလိုတာက နောက်ဗျည်းဖြစ်ဖြစ်, သရဖြစ်ဖြစ် နိဂ္ဂဟိတ်ကို ချေလို့ရတယ်လို့ မှတ်ပါ။**))

အချို့သောပြယုဂ်တွေမှာ နိဂ္ဂဟိတ်လိုအပ်ရင် နိဂ္ဂဟိတ်လာလို့ရတဲ့သုတ်က...

## ၃၇။ နိဂ္ဂဟီတဉ္စ။

**(ံ)လာ←** နောက်**(သရ)/(ဗျည်း)**

***နောက်ကသရ(သို့)ဗျည်း၊ ရှေ့မှာ နိဂ္ဂဟိတ်(ံ) လာတဲ့သုတ်***

နောက်က သရ(သို့)ဗျည်းဆိုရင် အချို့သောပြယုဂ်တွေမှာ နိဂ္ဂဟိတ်လာလို့ရတယ်။

နောက်ထပ် နိဂ္ဂဟိတ်နဲ့ဆက်စပ်နေတဲ့သုတ်တွေကို ကြည့်ကြပါဦးစို့.....

## ၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။

**ဝဂ္ဂန္တ←** (ံ) + ဝဂ်**(ဗျည်း)**

***နောက်ကဝဂ်ဗျည်းနှောင်းလို့ *နိဂ္ဂဟိတ်ကို ဝဂ္ဂန္တဗျည်း(၅)လုံးပြုတဲ့သုတ်***

နောက်ကဝဂ်ဗျည်းနှောင်းရင် **နိဂ္ဂဟိတ်ကို** ဝဂ်ရဲ့အဆုံးဖြစ်တဲ့ **င,ဉ,ဏ,န,မ**-ပြုပါ။

## ၃၂။ ဧဟေ ဉံ။

**ဉ← (ံ)+ ဧ/ဟ**

***နောက်မှာ (ဧ),(ဟ)အက္ခရာတွေဆုံရင်လည်း ရှေ့က*နိဂ္ဂဟိတ်ကို (ဉ) ပြုတဲ့သုတ်***

နိဂ္ဂဟိတ်ရဲ့နောက်မှာ ဧ’အက္ခရာတို့ ဟ’အက္ခရာတို့ရှိခဲ့ရင်လည်း **နိဂ္ဂဟိတ်** ကို။ **ဉ**-ပြုလို့ရတယ်။

## ၃၃။ သယေ စ။

**ဉ= (ံ)+ ယ**

***နိဂ္ဂဟိတ်ရဲ့နောက်မှာ (ယ)ရှိနေရင်လည်း ရှေ့*နိဂ္ဂဟိတ်ကို (ယ)နှင့်တကွ (ဉ) ပြု တဲ့သုတ်***

နိဂ္ဂဟိတ်ရဲ့နောက်မှာ(ယ)အက္ခရာရှိရင် (ယ)နဲ့  နိဂ္ဂဟိတ်ကို ဒီသုတ်နဲ့ (ဉ)ပြုလို့ ရတယ်လို့ပြောတာပါ။

## ၃၄။ မဒါ သရေ။

**မ/ဒ←(ံ)+ သရ**

***နောက်မှာသရနှောင်းခဲ့ရင် နိဂ္ဂဟိတ်ကို (မ),(ဒ)ပြုတဲ့သုတ်***

နိဂ္ဂဟိတ်ရဲ့ အနောက်မှာသရရှိနေခဲ့ရင် နိဂ္ဂဟိတ်ကို  (မ)အက္ခရာ, (ဒ)အက္ခရာ ပြုလို့ရတယ်။

တူတဲ့ဗျည်းလာတဲ့သုတ်, မတူတဲ့ဗျည်းလာတဲ့သုတ်တွေက...

## ၂၈။ ပရ ဒွေဘာဝေါ ဌာနေ။

| (သရ) + (ပ )→ပ္ပ |
|---|

***သရရဲ့နောက်မှာရှိတဲ့ ဗျည်းကို သဒိသဒွေဘော်(ဗျည်းနှစ်လုံးတူအောင်)ပြုတဲ့သုတ်***

သင့်လျော်ရာဌာနမှာ သရရဲ့ နောက်ကဗျည်းကို သဒိသဒွေဘော် ပြုလို့ရတယ်။ သဒိသဒွေဘော်ဆိုတာ တူတဲ့ဗျည်း လာတာ။ "ပ"ဆိုရင်နောက်ထပ် (ပ)ထပ်လာတာ, အဲဒါဆိုရင် (ပ္ပ)- ဒီလိုဖြစ်မယ်။ အချို့သော ရုပ်တွေကို တွက်တဲ့အခါ လိုအပ်တဲ့ တူရာဗျည်းကို စီရင်တဲ့အခါမှာ ဒီသုတ်နဲ့ စီရင်ပေါ့။ နောက်တစ်သုတ်ကျတော့...

## ၂၉။ ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ။

| အဃောသ | | ဃောသ | | |
|---|---|---|---|---|
| ပ → | ဒု | တ → | စ | ပဉ္စ |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

***ဝဂ်ဗျည်းတွေမှာ(ဒုတိယ)ကို(ပထမ)နဲ့(စတုတ္ထ)ကို(တတိယ) နဲ့ အသဒိသဒွေဘော်ပြုတဲ့သုတ်***

သင့်လျော်ရာဌာနမှာ ဝဂ်ဗျည်းတွေမှာ အသဒိသဒွေဘော်(မတူတဲ့ဗျည်း)လာလို့ရတယ်။

သို့သော်..(ပထမ)အက္ခရာက(ဒုတိယ)အက္ခရာနဲ့((အဃောသနဲ့အဃောသတွဲ))

(တတိယ)အက္ခရာကိုလည်း(စတုတ္ထ) အက္ခရာနဲ့((ဃောသနဲ့ဃောသတွဲ))ပဲ လာလို့ရပါမယ်။

ဖော်မြူလာ ပုံမှာပြထားတဲ့အတိုင်းနော်။

လိုအပ်လို့ ဗျည်းလာနိုင်သလို မလိုအပ်ရင်လည်း အခုပြတဲ့သုတ်နဲ့ စီရင်နိုင်တယ်၊ ကြည့်ပါဦး...

## ၄၁။ ဗျဥ္ဇနေ ဒီဃရဿာ ။

| (ံ)+**(သရ)ချေပြီး၊** သံယုဂ်ဗျည်း→**ဝိသံယုဂ်ဗျည်း** |
|---|

***နိဂ္ဂဟိတ်ရဲ့နောက်မှာရှိတဲ့ (သရ)ကိုချေပြီးရင် သသညောဂဗျည်းကို ဝိသညောဂဗျည်း ပြုတဲ့သုတ်***

နိဂ္ဂဟိတ်ကနေ နောက်ဖြစ်တဲ့ သရကို **လုတ္တော၊** ချေပြီးရင် သံယုဂ်ဗျည်းကို။ **ဝိသညောဂေါ၊** သံယုဂ်ကင်းတဲ့ ဗျည်းပြုလို့ရတယ်။ သသညောဂဗျည်းဆိုတာ သံယုဂ်ရှိတဲ့ဗျည်း, (ဗျည်းအတွဲလိုက်)=((ပ္ပ))၊ သံယုဂ်ကင်းတဲ့,မရှိတဲ့ဗျည်းဆိုတာက=((ပ)), ဗျည်းတစ်လုံးတည်းကိုပြောတာ။ ဒီသုတ်ကို မစီရင်မီ "**ပရော ဝါ သရော"** သုတ်နဲ့ အရင် စီရင်ထားရမယ်။

**(စ)**ပြုတဲ့သုတ်, မပြုနဲ့လို့တားမြစ်တဲ့သုတ်တွေကို ကြည့်ကြဦးစို့...

## ၁၉။ သဗ္ဗော စံ တိ။

| စ← (တိ) + (သရ ) |
|---|

***နောက်က သရနှောင်းလို့ ရှေ့က(တိ)သဒ္ဒါကို (စ)ပြုတဲ့သုတ်***

နောက်မှာသရရှိလို့ အလုံးစုံသောတိသဒ္ဒါတွေကို (စ)ပြုနိုင်တယ်။ သို့သော်, နောက်(သရ)က **ဣ**-ဝဏ္ဏ (ဣ/ဤ)နှောင်းရင်တော့...

## ၄၇။ အတိဿ စန္တဿ။

| စ(X)← တိ +(ဣ)ဝဏ္ဏ |
|---|

***နောက်(ဣဝဏ္ဏ)နှောင်းရင် (တိ)ကို သဗ္ဗော စံ တိသုတ်နဲ့ (စ)ပြုတာကို မပြုရတဲ့သုတ်***

ဣ-ဝဏ္ဏကြောင့် အတိ-ဥပသာရပုဒ် အဆုံး တိ'-သဒ္ဒါကို သဗ္ဗော စံ တိ' သုတ်နဲ့ **(စ)**ပြုတာကို မပြုရလို့ တားမြစ်။

ကျန်နေသေးတဲ့သုတ်တွေကို အထူးသီးသန့် မှတ်သားကြရအောင်...

## ၄၂။ ဂေါ သရေ ပုထဿာဂမော ကွစိ။

| ပုထ .(ဂ)လာ + နောက်(သရ) |
|---|

***နောက်သရနှောင်းလို့ ပုထနိပါတ်ပုဒ်ရဲ့အဆုံးမှာ (ဂ)အက္ခရာလာတဲ့သုတ်***

နောက်သရနှောင်းလို့ ပုထနိပါတ်ပုဒ်ရဲ့အဆုံးမှာ (ဂ)အက္ခရာလာနိုင်တယ်။

## ၄၉။ ပုထဿု ဗျဉ္ဇနေ။

| ပုထ+ဗျည်း |
|---|
| ဥ←(အ) |

***နောက်ဗျည်း၊ ရှေ့ပုထ-နိပါတ်ပုဒ်ရဲ့ အစိတ်(အ)ကို (ဥ)ပြုတဲ့သုတ်***

နောက်ဗျည်းနှောင်း၊ ပုထ-သဒ္ဒါရဲ့အဆုံး(အ)သရကို (ဉ)ပြု။

## .၄၄။ အဗ္ဘော အဘိ။

| အဗ္ဘ←(အဘိ) +သရ |
|---|

***နောက်သရနှောင်းလို့ အဘိဥပသာရပုဒ်ကို (အဗ္ဘ)ပြုတဲ့သုတ်***

## ၄၅။ အဇ္ဈော အဓိ။

| အဇ္ဈ←(အဓိ) +သရ |
|---|

***နောက်သရနှောင်းလို့ အဓိဥပသာရပုဒ်ကို (အဇ္ဈ)ပြုတဲ့သုတ်***

## ၄၆။ တေ န ဝါ ဣ္တဝစ္စော။

| |
|---|
| **အဗ္ဘာ(X)←** အဘိ +**(ဣ္တ)ဝဏ်** |
| **အဇ္ဈ(X)←** အဓိ +**(ဣ္တ)ဝဏ်** |

***နောက်(ဣ္တဝဏ်)နှောင်းလျှင် အဘိ-ကို(အဗ္ဘ) အဓိ-ကို(အဇ္ဈ)ပြုခြင်းတို့ကို မပြုရတဲ့သုတ်***

## ၄၈။ ကွစိ ပဋိ ပတိဿ။

| |
|---|
| **(ပဋိ)←** ပတိ +**(သရ/ဗျည်း)** |

***နောက်သရ(သို့)ဗျည်းနှောင်းရင် ပတိဥပသာရပုဒ်ကို (ပဋိ)ပြုတဲ့သုတ်***

သန္ဓိကျမ်း ပြီး၏။